ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့၊ (24-3-2006) (၄၉၀၉)

နိုင်ငံတော်ရဲ့ ကာကွယ်ရေးစွမ်းအားကို မြှင့်တင်

နိုင်ငံတော်ကို ပြည်သူနဲ့ လက်တွဲတည်ဆောက်တဲ့နည်းတူ ဖွံ့ဖြိုးတိုးတက်လာတဲ့ နိုင်ငံတော်ကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် ဒို့တပ်မတော်ကို အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားဦးအောင်ဇေယျ ဘုရင်မင်းမြတ်တို့ တည်ထောင်ခဲ့တဲ့ ထက်မြက်သော တပ်မတော်များရဲ့ လက်ဆင့်ကမ်း အမွေကိုခံယူလျက် ပိုမိုအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်ကြီးအဖြစ် တည်ဆောက်ခြင်းဖြင့် နိုင်ငံတော်ရဲ့ ကာကွယ်ရေးစွမ်းအားကို မြှင့်တင်ကြရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားမှ—

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ပေါ်တူဂီသမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတအဖြစ် ၂၀၀၆ ခုနှစ်၊ မတ်လ ၉ရက်နေ့တွင် စတင်တာဝန်ထမ်းရွက်သည့် မစ္စတာ အာနီဘယ် ကာဗာကို ဆေးလ်ဗာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်စခန်းရုံး၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးခင်းကြည့်ရှု ရေဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ရန်ကုန် မတ် ၂၃

မန္တလေးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ မတ် ၂၁ရက် နံနက် ၇နာရီခွဲတွင် မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စခန်းရုံး၏ ခြံစည်းရိုး ကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးပြီး ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးသည်။

ရှေးဦးစွာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စခန်းရုံး၏ အစေ့ ၁၅၀၀၀ဖြင့် ပျိုးထောင်ထားသည့် ခြံစည်းရိုးကြက်ဆူပျိုးခင်းကို ကြည့်ရှုစစ်ဆေးကြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ရှင်းလင်းပြသသည်။

ဆက်လက်၍ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရာ၌ အသုံးပြုမည့် ပံ့ပိုးပစ္စည်းများနှင့် ကြက်ဆူစေ့များ၊ ကြက်ဆူကိုင်းများ၊ ကြက်ဆူပျိုးပင်များကိုလည်းကောင်း၊ အပင်ခြောက်သိန်း ပျိုးထောင်ထားသည့် ခြံစည်းရိုးကြက်ဆူပျိုးခင်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထိုမှတစ်ဆင့် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ စိုက်ကွင်းသို့ရောက်ရှိကြပြီး (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော လူမှုရေးအသင်းအဖွဲ့ဝင်များ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ မန္တလေးဘက်ကမ်းမှ စစ်ကိုင်းဘက်ကမ်းသို့ ရေယာဉ်ဖြင့် ဖြတ်သန်းပြီး ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှုများနှင့် ရေလယ်ပင်မသံမဏိသံပေါင် ခုံးတံတားတပ်ဆင် တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

01.P65 1 1/1/32, 7:28 AM

ကြေးမုံ
The Mirror
၂၄-၃-၂၀၀၆
(သောကြာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကိုကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းဖွင့်လှစ် တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းရေး၊ တောင်သူလယ်သမားများအပါအဝင် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

လယ်ယာကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးတွင် ၄၁ ဒသမ ၂ရာခိုင်နှုန်းအထိ အချိုးအစားကြီးမားစွာ ပါဝင်နေပြီး ပြည်ပပို့ကုန်တန်ဖိုးတွင်လည်း ၁၁ ရာခိုင်နှုန်း ပါဝင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်က လယ်ယာကဏ္ဍထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်အတွက် မြေယာသစ်များ တိုးချဲ့စိုက်ပျိုးရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ သီးနှံစိုက်စွမ်းအားတိုးတက်စေရေး၊ စိုက်ပျိုးစရိတ်ကျဆင်းရေးနှင့် လေလွင့်ဆုံးရှုံးမှုနည်းပါးစေရေးတို့ အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

အထူးသဖြင့် လယ်ယာကဏ္ဍ၏ အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေး၊ စိုက်ပျိုးမြေများ ရေလွှမ်းမိုးမှု ကာကွယ်ပေးနိုင်ရေးတို့အတွက် နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြားသုံးစွဲပြီး ဆည်မြောင်း တာတမံများ၊ ရေထိန်းတံခါးကြီးများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများကို ရေမြေသဘာဝအခြေအနေအလိုက် တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်ခဲ့သော ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းကို မတ်လ ၂၂ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားရာတွင် **ဒေသခံပြည်သူများ ဘက်ကလည်း နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းပေးနေသည့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ထိရောက်အကျိုးရှိစွာ တန်ဖိုးရှိရှိအသုံးပြုပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်၊ စက်မှုအခြေခံသည့် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းလာအောင်နှင့် စိုက်ပျိုးရေးအခြေခံသည့် စက်မှုလုပ်ငန်းများ အပါအဝင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်** တိုက်တွန်းမှာကြားသွားသည်။

ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းသည် စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ စစ်တောင်းမြစ်ဝှမ်းဒေသအတွင်း စိုက်ပျိုးရေလုံလောက်စွာရရှိရန်၊ ရာသီမရွေးဆည်ရေဖြင့် သီးထပ်စိုက်ပျိုးနိုင်ရန်၊ ယခင်က ရေကြီးရေနက်ကွင်းများဖြစ်နေသည့် ပြွန်တန်ဆာလွင်ပြင်နှင့် ပဲခူးလွင်ပြင်တို့ကို ရေလွှမ်းမိုးမှုမှ ကာကွယ်ပေးရန်တို့အပြင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးရန်ဟူသည့် ရည်မှန်းချက်များဖြင့် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းကို တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်၍ လယ်မြေဧကတစ်သိန်းကျော်နှင့် သီးနှံစိုက်ဧကနှစ်သိန်းကျော်တို့ကို စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် ဒေသနေပြည်သူများအတွက် လျှပ်စစ်ဓာတ်အား ၂၅ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

အဆိုပါ စီမံကိန်းသည် နိုင်ငံတစ်ဝန်း တည်ဆောက်ပြီးစီးခဲ့သည့် ဆည်မြောင်းစီမံကိန်းများအနက် ၁၈၄ခုမြောက် ရေလှောင်တမံဖြစ်သကဲ့သို့ ပဲခူးတိုင်း၏ ၄၂ခုမြောက် ရေလှောင်တမံလည်း ဖြစ်သည်။ ယခုနှစ်တွင် ပဲခူးတိုင်း၌ နွေစပါးစိုက်ဧက သုံးသိန်းကျော်ရှိသည့်အနက် ဧကနှစ်သိန်းကျော်မှာ ဆည်ရေကိုအသုံးပြုပြီး စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

ကျောက်တံခါးမြို့နယ်၌ မိုးရာသီတွင် နှစ်စဉ်မိုးရေချိန်လက်မ ၁၁၀ ရှာသွန်းမှုကြောင့် လယ်မြေများသည် ရေလွှမ်းမိုးမှုဖြစ်ပေါ်လေ့ရှိပြီး မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသည်။ ယခုအခါ ရဲနွယ်ရေလှောင်တမံကို တည်ဆောက်၍ ရေသိုလှောင်ထိန်းသိမ်းထားနိုင်မှုကြောင့် မိုးရာသီတွင် ရေကြီးလွှမ်းမိုးမှုမှ ကာကွယ်ပေးနိုင်ပြီး မိုးစပါးများအောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းစေမည့်အပြင် မိုးရာသီကုန်ဆုံးချိန်၌ ရေလှောင်တမံမှ ဆည်ရေဖြင့် သီးထပ်သီးညှပ်သီးနှံများကိုလည်း တိုးတက်စိုက်ပျိုးရန် အလားအလာ ကောင်းမွန်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေရရှိရေးစီမံကိန်းများကို တိုးချဲ့တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသခံတောင်သူ လယ်သမားများကလည်း ပထမတစ်သီး မိုးစပါး၊ ဒုတိယသီးနှံအဖြစ်နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် တတိယသီးနှံဖြစ်သည့် နှမ်း၊ ဟင်းသီးဟင်းရွက်တို့ဖြင့် တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် မတ် ၂၃

ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းဆောင်တွင် အလှည့်ကျသီတင်းသုံးတော်မူကြသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၊ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ၊ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိ အမှူးပြုသည့် သံဃမဟာနာယက ဆရာတော်များအား နိဗဒ္ဓဆွမ်းအလှူရှင် မဟာသဒ္ဓမ္မဇောတိကဓဇ၊ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့်၊ ဇနီး ဒေါ်ခင်ခင်စိန်(စိန်ရတနာရွှေဆိုင်)နှင့် သားများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို မတ် ၂၁ ရက် နံနက် ၁၀နာရီခွဲက မဟာနာယကကျောင်းဆောင်တွင် ကျင်းပသည်။

ရှေးဦးစွာ ဆွမ်းအလှူရှင် မဟာသဒ္ဓမ္မဇောတိကဓဇ၊ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့်၊ ဇနီး ဒေါ်ခင်ခင်စိန် (စိန်ရတနာရွှေဆိုင်)နှင့် သားများက ဆရာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌက ရေစက်ချ သာဓုခေါ်ဒနာတရား ချီးမြှင့်တော်မူသည်။ ဆက်လက်၍ နာယက ဆရာတော်များအား အလှူရှင်တို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

လေးမျက်နှာမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၃

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေးပွဲ၊ သာသနာတော်ဆိုင်ရာဂုဏဝိသိဋ္ဌပူဇာပွဲ၊ အသက်(၈၀)နှစ်နှင့်အထက် အသင်းဝင်များ သက်ကြီးပူဇော်ပွဲနှင့် အသင်းဝင်များ၏၂၀၀၄-၂၀၀၅ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရသော သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၆ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အင်းစိန်မြို့နယ် အောင်ဆန်းမြို့ စဥ့်ဂူရပ်ကွက်တောရတပ်ဦးကျောင်းတိုက်(မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ-၇၇)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အမ္ဗာရာမ တရားစခန်း

ရန်ကုန် မတ် ၂၃

ရန်ကုန်မြို့ ကြည့်မြင်တိုင် ပန်းလှိုင်လမ်း အမ္ဗာရာမ ဝိပဿနာကျောင်းတိုက်၌ အမ္ဗာရာမ ဆရာတော်ကြီးများဖြစ်ကြသော ဆရာတော် အရှင်ဦးတိက္ခိန္ဒြိယ၊ ဆရာတော်ဦးတိက္ခတို့၏ ညွှန်ပြတော်မူခဲ့သည့်နည်းအတိုင်း သတိပဋ္ဌာန်ဝိပဿနာတရားတော်ကို ဧပြီ ၁၁ရက်မှစ၍ သင်္ကြန်ရက်အတွင်း ခုနစ်ရက်တရား စခန်းဖွင့်၍ တရားအားထုတ်ကြမည်ဟု သိရသည်။ (က-ပ)

(၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်
(ရွှေတိဂုံဘုရားလမ်း)
(၂၆-၃-၂၀၀၆ မှ ၄-၄-၂၀၀၆)
(မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပါသည်။)

တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် ကွန်ပျူတာအသုံးချမှု စွမ်းရည်ပြိုင်ပွဲ ဆုရရှိသူများ စာရင်းထုတ်ပြန်

ရန်ကုန် မတ် ၂၃

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာအသုံးချမှု စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်၌ကျင်းပရာ ပြည်နယ်နှင့်တိုင်းများမှ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၇ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် ကွန်ပျူတာအသုံးချမှု စွမ်းရည်ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ရာ ဗဟိုအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ အခြေခံပညာအထက်တန်းအဆင့်တွင် မောင်ကောင်းမြတ်ထူး (အဋ္ဌမတန်း၊ အထက-၂၊စစ်တွေမြို့ ရခိုင်ပြည်နယ်)က ပထမ၊ မအေးဖြူငြိမ်း (နဝမတန်း၊အထက-၁၆၊မန္တလေးမြို့ မန္တလေးတိုင်း)က ဒုတိယနှင့် မောင်နိုင်အုပ်ကျော် (အဋ္ဌမတန်း အထက-၂၊ကမာရွတ်မြို့နယ် ရန်ကုန်တိုင်း)က တတိယ အသီးသီးရရှိကြပြီး အခြေခံပညာ အလယ်တန်းအဆင့် တွင် မောင်ဖြိုးဟိန်းသွင် (ဆဋ္ဌမတန်း အထက-၁၆၊ မန္တလေးမြို့ မန္တလေးတိုင်း)က ပထမ၊ မောင်ကျော်ထက်နောင် (သတ္တမတန်း အလက-၁၊ ဒဂုံမြို့နယ် ရန်ကုန်တိုင်း)က ဒုတိယ၊ မအိမွန်ကျော်(သတ္တမတန်း အထက-၃၊ပဲခူးမြို့ ပဲခူးတိုင်းအရှေ့)က တတိယ အသီးသီးရရှိကြသည်။

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာ အသုံးချမှု စွမ်းရည် ပြိုင်ပွဲအခြေခံပညာအထက်တန်းအဆင့်တွင် မောင်ဟိန်းပိုင်ထူးချစ်(နဝမတန်း အထက-၉၊မော်လမြိုင်မြို့ မွန်ပြည်နယ်)က ပထမ၊ စောနေခေးမယာ(အဋ္ဌမတန်း အထက-၁၊ဘားအံမြို့ ကရင်ပြည်နယ်)က ဒုတိယ၊ မစုမြတ်ဇော်(အဋ္ဌမတန်း အထက-၃၊ ပဲခူးမြို့ ပဲခူးတိုင်းအရှေ့)က တတိယ အသီးသီးရရှိကြသည်။ (သတင်းစဉ်)

တန်ဖိုးရှိလှ လူငယ်ဘဝ၊ မူးယစ်ကင်းစင် ကျန်းမာမှ

"လူ့အခွင့်အရေး" သကြားအုပ်ထားသော အမေရိကန်အဆိပ်ဆေး (၅)

တက္ကသိုလ်မြတ်သူ

အမေရိကန်သည် နှစ်စဉ်ပင် နိုင်ငံ ၂၀၀ နီးပါး (ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံသည်ပင် ၁၉၁ နိုင်ငံသာရှိသည်)ကို လူ့အခွင့်အရေးအစီရင်ခံစာဖြင့် ရန်စောင်လိုက်၊ ဘာသာရေး လွတ်လပ်ခွင့်အစီရင်ခံစာ၊ လူကုန်ကူးမှု အစီရင်ခံစာ၊ မူးယစ်ဆေးဝါး အစီရင်ခံစာတို့ဖြင့် ရန်စောင်လိုက်လုပ်နေသည်မှာ ဂျင်မီကာတာသမ္မတဖြစ်သည့် ၁၉၇၆ ခုနှစ်မှစ၍ ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအားလုံးလောက်နီးနီးကို ရန်လိုနေခြင်းဖြင့် မိတ်ဆွေဆုံးရှုံးမှု ဆိုးကျိုးကို ရယူနေခဲ့သည်။ အစ္စပ်စွဲခံနိုင်ငံများကလည်း ခေါင်းငုံ့မခံဘဲ တုံ့ပြန်ကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကဆိုလျှင် အမေရိကန်၏ စွပ်စွဲချက်များကို ချေပသော ကြေညာချက်အပြင် နှစ်စဉ်အမေရိကန် လူ့အခွင့်အရေးမှတ်တမ်း အစီရင်ခံစာကိုပင် တုံ့ပြန်ထုတ်ပြန်ခဲ့သည်။

အီသီယိုးပီးယားနိုင်ငံကလည်း အမေရိကန်၏ လူ့အခွင့်အရေး အစီရင်ခံစာမှာ လုံးဝအခြေအမြစ်မရှိ၊ မိမိတို့ အီသီယိုးပီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြဋ္ဌာန်းထားကာ အတိအကျလိုက်နာနေကြောင်း တုံ့ပြန်ခဲ့သည်။ လူ့အခွင့်အရေး၊ လူမှုအခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးဟူသည် နိုင်ငံတစ်နိုင်ငံအတွင်းရှိ နိုင်ငံသားပြည်သူများ၏ စားဝတ်နေရေးကိစ္စ၊ လွတ်လပ်ခွင့်၊ ကိုယ့်ကြမ္မာကိုယ်အကောင်းဆုံး(မိမိတို့စိတ်ကြိုက်) ဖန်တီးခွင့်ဖြစ်ပေသည်။ ဤအခွင့်အရေးများရရှိအောင် ထိုနိုင်ငံသည် အချုပ်အခြာအာဏာပိုင် (လွတ်လပ်သော) နိုင်ငံဖြစ်ရပေမည်။ သူ့ကျွန်ဖြစ်မှတော့ သူတို့ထားသလိုနေဖို့သာ ရှိတော့သည်။

၁၇၇၆ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် ဗြိတိသျှကိုလိုနီဘဝမှ ရုန်းထွက်ကာ လွတ်လပ်ရေးကြေညာခဲ့သော အမေရိကန်ပြည်ထောင်စုသည် နောင် ၁၁နှစ်အကြာ ၁၇၈၇ခုနှစ် မေလတွင် ဖီလာဒဲလ်ဖီးယားမြို့တွင် ကိုယ်စားလှယ် ၅၅ ဦးခန့် တက်ရောက်သည့် အခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံကျင်းပခဲ့သည်။ ထိုစဉ်က ယနေ့ကဲ့သို့ ပြည်နယ် ၅၀မရှိသေး။ ၁၃ ပြည်နယ်သာ ရှိသေးသည်။ ဖွဲ့စည်းပုံရေးဆွဲရေးညီလာခံသို့ ရုဒ်အိုင်လင်ကျွန်းပြည်နယ်က မတက်။ ကျန် ၁၂ ပြည်နယ်မှ ကိုယ်စားလှယ် ၅၅ဦးသာ တက်ကြသည်။ အခြေခံဥပဒေမူကြမ်းရေးဆွဲပြီး အတည်ပြုလက်မှတ်ရေးထိုးသောအခါ ကိုယ်စားလှယ် ၃၄ဦးကသာ လက်မှတ်ရေးထိုးကြသည်။ လက်မှတ်ရေးထိုးပွဲတွင် ဒေါက်တာဖရင်ကလင်၏ မိန့်ခွန်းကို ဝီလ်ဆင်က ဖတ်ပြရာ၌ "ဤအခြေခံဥပဒေကြီးတွင် ကျွန်ုပ် ယခုလောလောဆယ် လက်မခံနိုင်သော အချက်များ ပါရှိနေကြောင်း ဝန်ခံပြောလိုပါသည်"ဟု နိဒါန်းချီထားခဲ့သည်။

အမေရိကန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားများ မူလအခွင့်အရေး အခန်းအတွက် ၁၇၈၇ ခုနှစ် အမေရိကန်ညီလာခံ၌ ဆွေးနွေးရာ သဘောကွဲလွဲမှုများရှိနေ၍ ထိုအခန်းကို ချန်လှပ်ထားခဲ့ရသည်။ အမေရိကန်နိုင်ငံဟူသည် မူလဒေသခံ အင်ဒီးယန်းလူနီများထံမှ မြေများကို ဗြိတိန်၊ ပြင်သစ်၊ ဒတ်ချ်၊ စပိန်၊ ရုရှ၊ ဂျာမန် စသော ဥရောပသားများက လုယက်ယူငင် အခြေချတည်ထောင်ခဲ့သော နိုင်ငံဖြစ်သည်။ အလုပ်ကြမ်းများတွင်သုံးရန် အာဖရိကမှ လူမည်းများကို ဖမ်းဆီးခေါ်ဆောင်ကာ ကျွန်အဖြစ် သုံးခဲ့ကြသည်။ နိုင်ငံသားအခွင့်အရေးများကို ထိုရက်ဒ်အင်ဒီးယန်းများနှင့် လူမည်း(နီဂရိုး)များကို မပေးနိုင်ဟု အမေရိကန်နိုင်ငံ တောင်ပိုင်း ပြည်နယ်များက တင်းခံသဖြင့် ထိုနိုင်ငံသားအခွင့်အရေး အခန်းကို ချန်လှပ်ခဲ့ရသည်။ နောင်တွင် အခြေခံဥပဒေပြင်ဆင် ဖြည့်စွက်ချက်ဖြင့် နိုင်ငံသားအခွင့်အရေးများ ပြဋ္ဌာန်းခဲ့ရသည်။

၁၇၈၇ခုနှစ် အမေရိကန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လည်းကောင်း၊ ၁၇၈၉ခုနှစ်တွင်ပြဋ္ဌာန်းသည့် အခွင့်အရေးဆိုင်ရာ အခြေခံဥပဒေ ပြင်ဆင်ချက်တွင်လည်းကောင်း လူတိုင်းတန်းတူညီမျှ ပိုင်ခွင့်ခံစားရမည်ဟူသော အချက်ကို လုံးဝဖော်ပြမထားပေ။ ပြည်သူလူထု၏ လူမှုအခွင့်အရေးနှင့် နိုင်ငံရေးပိုင်ခွင့်များကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြမထားချေ။ အသားအရောင်၊ လူမျိုး၊ အဆင့်အတန်း ခွဲခြားဆက်ဆံမှုများသာ ကြီးထွားမင်းမူခဲ့သည်။

၁၈၆၈ခုနှစ် အခြေခံဥပဒေပြင်ဆင်ချက် ပုဒ်မ ၁၄တွင် နိုင်ငံသားတိုင်းအား တန်းတူညီမျှပိုင်ခွင့်ပေးရေးနှင့်ပတ်သက်၍ စောဒကတက်ပိုင်ခွင့်မရှိစေရ၊ နိုင်ငံသားဆိုသည်မှာ ရက်ဒ်အင်ဒီးယန်းလူနီများ မပါဝင်သော အသက်(၂၁)နှစ်ပြည့်ပြီးသည့် အမျိုးသားများကို ဆိုလိုသည်ဟု အတိအလင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အသားအရောင်ခွဲခြားမှု စိတ်ဓာတ်ပြင်းထန်သော အမေရိကန်လူဖြူများ၏ ကူကလပ်စ်ကလန်(ကေသုံးလုံး)ဂိုဏ်းက သတ်ခဲ့သော လူမည်းများမှာ စာရင်းလုပ်၍ပင် မရနိုင်။ လူဖြူရဲများက လူမည်းများကို နှိပ်စက်ရာမှစ၍ အဓိကရုဏ်းများဖြစ်ပွားခဲ့သည်။ ၁၉၉၁ ခုနှစ် တစ်နှစ်တည်းမှာပင် လူမျိုးရေးအဓိကရုဏ်း ၄၅၅၈မှု ဖြစ်ပွားခဲ့သည်။ ၁၉၉၅ခုနှစ်မှစ၍ အမေရိကန်တောင်ပိုင်းတွင် လူမည်းခရစ်ယာန်ဘုရားရှိခိုးကျောင်း ၃၀ တရားခံမပေါ်ဘဲ မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည်။

မက္ကဆီကိုအစိုးရ တာဝန်ခံတစ်ဦးက ထုတ်ပြန်သော ကြေညာချက်တွင် ၁၉၅၅ ခုနှစ်က အမေရိကန်နိုင်ငံအတွင်း ပြောင်းရွှေ့နေထိုင်သူများအပေါ် အမေရိကန်အာဏာပိုင်များက လူ့အခွင့်အရေးချိုးဖောက်မှုပေါင်း ၇၂၈၆၄မှု ကျူးလွန်ကြောင်း ဖော်ပြထားသည်။ အမေရိကန်လူမည်းများ၏ ဝင်ငွေမှာ လူဖြူများ၏ ဝင်ငွေဆယ်ပုံတစ်ပုံသာ ရသည်။ အိုးမဲ့အိမ်မဲ့ သိန်းပေါင်းများစွာတွင် အများစုကြီးမှာ လူမည်းနီဂရိုးများ ဖြစ်သည်။

တရားစီရင်ရေးတွင်လည်း လူမည်းများက လူဖြူများထက် ကြီးလေးသော ပြစ်ဒဏ်များချမှတ်ခြင်း ခံနေရသည်။ အဖမ်းခံရသော အမှုချင်းအတူတူ လူမည်းများက လူဖြူများထက် ထောင်ကျရန် သုံးဆပို၍ သေချာသည်။ လူမည်းများ သေဒဏ်ချမှတ်ခံရမှုမှာ လူဖြူထက် လေးဆပိုများသည်။ အမေရိကန်နိုင်ငံ၏ လူဖြူလူမည်း၊ အသားအရောင် လူမျိုးခွဲခြားမှုများမှာ ပြောမကုန်နိုင်ပေ။

အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသောကာလက မဲပေးခွင့်၊ အရွေးခံခွင့်အတွက် ငြင်းခုံခဲ့ကြသည်။ တောင်ကာရိုလိုင်းနားကိုယ်စားလှယ် ရတ္တလက်ဂျ်က အခွန်အကောက်ပေးသွင်းသူသာ မဲပေးရမည်ဟု ဆိုခဲ့သည်။ တောကြိုအုံကြား အစမ္ဗမောင်းထုတ်ခံထားရသည့် ရက်ဒ်အင်ဒီးယန်းလူနီများ မဲပေးခွင့်မရအောင် ပိတ်ဆို့ခဲ့သည်။ ရတ္တလက်ဂျ်ကပင် "လူမည်းတို့သည် ကျွန်ုပ်တို့ပိုင် ပစ္စည်းများဖြစ်သည်။ မြောက်ပိုင်း၌ မြင်း၊ ကျွဲ၊ နွားတို့ကို အသုံးပြုသကဲ့သို့ တောင်ပိုင်း၌ ကျွန်များကို အသုံးပြုသည်။ ဤသည်ကို အကြောင်းပြု၍ မြောက်ပိုင်း၌ မြင်း၊ ကျွဲ၊ နွားတို့ကို အဘယ်ကြောင့် ကိုယ်စားလှယ်တင်မြှောက်ခြင်းမပြုကြသနည်း"ဟု မေးခွန်းထုတ်ခဲ့သည်။ လူမည်းနီဂရိုး (ယနေ့အခေါ် ဘလက်အမေရိကန်)များကို ကျွဲ၊ နွား၊ မြင်းများကဲ့သို့ ခိုင်းစေအသုံးပြုနေရ၍ လူ့အခွင့်အရေးဖြစ်သော အရွေးခံခွင့်မပေးနိုင်ဟု ရင့်သီးရိုင်းပျစွာ ပြောဆိုခဲ့ခြင်းဖြစ်သည်။

၁၇၇၆ ခုနှစ် အမေရိကန်ပြည်ထောင်စု တည်ထောင်ပြီးနောက် နှစ်ပေါင်းများစွာ ကြာသည့်တိုင် လူချမ်းသာလူဖြူလက်တစ်ဆုပ်စာသာ မဲပေးခွင့်ရယူထားခဲ့သည်။ လူမည်းနီဂရိုးများသည် နောင်နှစ်ပေါင်း ၉၄ နှစ်ကြာမှ မဲပေးခွင့်ရခဲ့သည်။ အမျိုးသမီးများသည် နှစ်ပေါင်း ၁၄၄ နှစ်ကြာမှလည်းကောင်း၊ ရက်ဒ်အင်ဒီးယန်း လူနီများသည် နှစ်ပေါင်း ၁၇၂ နှစ်ကြာမှလည်းကောင်း မဲပေးခွင့်ရကြသည်။ နှစ်ပေါင်း ၂၀၀ ခန့်အကြာ ၁၉၇၁ ခုနှစ်တွင်မှ အမေရိကန်အစိုးရက လူတိုင်းမဲဆန္ဒပေးပိုင်ခွင့်ကို ဥပဒေဖြင့် အသိအမှတ်ပြုခဲ့သည်။

အမေရိကန်ဒီမိုကရေစီဟူသည် လူချမ်းသာဒီမိုကရေစီ ဖြစ်သည်။ အရင်းရှင်ကြီးများ လွတ်လပ်စွာ စီးပွားရှာ၊ အမြတ်ထုတ်နိုင်ရန် အမေရိကန်အစိုးရက စစ်တိုက်ပေးတန်ပေးရသည်။ ပိတ်ဆို့နှောင့်ယှက်တန် နှောင့်ယှက်ပေးရသည်။ အမေရိကန်သမ္မတ ရွေးကောက်ပွဲများနှင့် ကွန်ဂရက်အမတ် ရွေးကောက်ပွဲများတွင် သုံးစွဲခဲ့သော ငွေကြေးပမာဏမှာ ၁၉၉၆ ခုနှစ်က ဒေါ်လာသန်းပေါင်း ၁၇၆၂ သန်းဖြစ်သည်။ သမ္မတရွေးကောက်ပွဲ တစ်ခုတည်းအတွက်ပင် ဒေါ်လာ ၁၁၄၅ သန်း သုံးခဲ့သည်။ ထိုငွေများမှာ ငွေကြေးချမ်းသာသော စီးပွားရေးသမားများက လှူဒါန်းကြခြင်းဖြစ်သည်။ ထို့ကြောင့် ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်ထုတ် အင်ဒီပင်းဒင့် သတင်းစာကြီးက အမေရိကန်သမ္မတဖြစ်ဖို့ ငွေသာ အဓိကဖြစ်သည်ဟု ရေးသားဝေဖန်ခဲ့သည်။

လူ့အခွင့်အရေးဟူသော စကားလုံးသည် အမေရိကန်အဆိပ်ဆေးကဲ့သို့ ဖြစ်နေရပေသည်။ လွတ်လပ်စွာ ကုန်သွယ်ရေးဆိုသည်မှာလည်း အမေရိကန်တို့ ဆန္ဒရှိသလို လွတ်လပ်စွာလုပ်ကိုင်အမြတ်ထုတ်ခွင့်ပင် ဖြစ်နေသည်။ အမေရိကန်သည် အခြားနိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမူဝါဒကို မနှစ်မြို့လျှင် IMF (နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့)နှင့် WTO ခေါ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးကို အသုံးချပြီး ဖြိုခွဲဖျက်ဆီးသည်။ ထိုနည်းဖြင့် မထိရောက်လျှင် တစ်ဖက်သတ် အရေးယူပိတ်ဆို့မှုများ ပြုလုပ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၈၀ အတွင်း အမေရိကန်သည် နိုင်ငံပေါင်းများစွာအပေါ် အကြိမ်ပေါင်း ၁၂၀ အထိ စီးပွားရေးပိတ်ဆို့ အရေးယူခဲ့သည်။ ၁၉၉၈ ခုနှစ် တစ်နှစ်တည်းမှာပင် ကမ္ဘာ့လူဦးရေ သန်းပေါင်း ၆၀၀၀ကျော်၏ ၅၂ရာခိုင်နှုန်းနေထိုင်သည့် နိုင်ငံပေါင်း ၇၅ နိုင်ငံကို စီးပွားရေးပိတ်ဆို့ အရေးယူခဲ့သည်။ ကိုယ်တိုင်အရေးယူပိတ်ဆို့ခြင်း၊ အပေါင်းပါနိုင်ငံများနှင့် အခြားနိုင်ငံများကပါ ပိတ်ဆို့အောင် ဖိအားပေးခြင်း၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေးလုပ်ရပ်များဖြင့် ဈေးကွက်လုခြင်း၊ ကုန်သွယ်ရေးစစ်ပွဲများ ဖန်တီးခြင်းတို့ကို အမေရိကန်တို့က ကမ္ဘာ့လူသားများ စားဝတ်နေမှုခက်ခဲအောင် အခြေခံလူ့အခွင့်အရေး ချိုးဖောက်ခြင်းပင်ဖြစ်ပေသည်။

အမျိုးသမီးများသည် အမေရိကန်ပြည်တွင်းမှာရော ပြည်ပမှာပါ အမေရိကန်တို့၏ လူ့အခွင့်အရေးချိုးဖောက် စော်ကားမှုများကို ခံနေကြရသည်။ အမေရိကန်မြို့ကြီးများတွင် အမျိုးသမီးများ ကိုယ်ခန္ဓာရင်းနှီး စားသောက်နေရသည့် ပြည့်တန်ဆာခန်းများ၊ ဖော်ချွတ်ပြပွဲများဖြင့် ပြည့်နေ၏။ FBI (အမေရိကန်ပြည်ထောင်စု မှုခင်းစုံစမ်းစစ်ဆေးရေးဗျူရို)၏ ကြေညာချက်အရ ၂၀၀၄-၂၀၀၅ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စုတစ်ဝန်းတွင် အဓမ္မပြုကျင့်ခံရသည့် အမျိုးသမီး ၉၄၆၃၅ ဦးရှိကြောင်း၊ ၎င်းတို့သည် လုပ်ငန်းခွင်ထဲတွင် အဓမ္မပြုကျင့်ခံရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ပင်တဂွန်စစ်ဌာနချုပ်၏ စုံစမ်းစစ်ဆေးမှုအရ ကြည်း၊ ရေ၊ လေ စစ်တက္ကသိုလ်များ၌ ၂၀၀၄-၂၀၀၅ခုနှစ်အတွင်း အမျိုးသမီးဦးရေ ၆ ရာခိုင်နှုန်းမှာ အဓမ္မပြုကျင့်ခံရကြောင်း၊ ၎င်းတို့အနက် တစ်ဝက်ကျော်မှာ အမြဲတစေ အနိုင်ကျင့်စော်ကားခံနေရကြောင်း သိရသည်။ အမေရိကန် အကျဉ်းထောင်များတွင် အမျိုးသမီးအကျဉ်းသူများ အဓမ္မပြုကျင့်ခံကြရသည်။ ၂၀၀၄ခုနှစ်အတွင်း အမေရိကန် ဗဟိုအကျဉ်းထောင်ရှိ အကျဉ်းသူထက်ဝက်ခန့် အဓမ္မပြုကျင့်ခံရသည်။

၁၉၉၅ခုနှစ်အတွင်းက ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းတွင် (၁၂)နှစ်အရွယ် ကျောင်းသူလေးတစ်ဦးအား အမေရိကန်စစ်သားသုံးဦးက အဓမ္မပြုကျင့်ခြင်း၊ တောင်ကိုရီးယားတွင် ၁၉၉၆ခုနှစ်အတွင်း အမေရိကန်စစ်သားတစ်ဦးက ကိုရီးယားအမျိုးသမီးတစ်ဦးအား ရိုက်သတ်ခြင်းများကြောင့် သက်ဆိုင်ရာပြည်သူများက ဒေါသတကြီး ကန့်ကွက်ခဲ့ကြသည်။ တရားဝင်ထုတ်ပြန်ချက်များအရ တောင်ကိုရီးယားအခြေစိုက် အမေရိကန်စစ်စခန်းမှ အမေရိကန်စစ်သားများသည် ၁၉၆၇ခုနှစ်မှစ၍ ဒေသခံပြည်သူများအပေါ် မုဒိမ်းမှု၊ ရိုက်နှက်မှု၊ လူသတ်မှု စုစုပေါင်း အမှု ၃၄၉၀၀ ကျူးလွန်ခဲ့ကြောင်း၊ ပျမ်းမျှတစ်နေ့သုံးမှုနှုန်း ကျူးလွန်ကြောင်း သိရသည်။

ဂျပန်နိုင်ငံရှိ အမေရိကန်စစ်သားများသည် ဒေသခံပြည်သူလူထုအပေါ် ရာဇဝတ်မှုပေါင်း ၄၇၁၆မှု ကျူးလွန်ခဲ့ရာ နှစ်စဉ်ပျမ်းမျှ ၂၀၅မှု ကျူးလွန်ခဲ့သည်။ ယင်းအမှုများတွင် ဒေသခံအမျိုးသမီးများကို ဖျက်ဆီးမှု ၁၀၆ မှု ပါဝင်ခဲ့သည်။ အိုကီနာဝါစစ်စခန်းမှ အမေရိကန်စစ်သားများသည် ယူရေနီယံထိပ်ဖူးတပ် ကျည်ဆန်ပေါင်း ၁၅၂၀ကို ကျွန်းပေါ်မှာပင် စမ်းသပ်ပစ်ခတ်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်တပ်လက်နက်ချစေရန် ရည်ရွယ်ပြီး ၁၉၄၅ခုနှစ် ဩဂုတ်လ ၆ရက်နှင့် ၉ ရက်က ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့နှစ်မြို့ပေါ်သို့ အမေရိကန်က အဏုမြူဗုံးနှစ်လုံး ကြဲချခဲ့ရာ အပြစ်မဲ့အရပ်သား ကလေး၊ လူကြီး၊ ကိုယ်ဝန်ဆောင် သုံးသိန်းကျော် သေခဲ့ရသည်။ ၁၉၅၀ပြည့်နှစ် ကိုရီးယားစစ်ပွဲကာလတွင် တောင်ကိုရီးယားဘက်မှ တံတားတစ်ခုအောက်တွင် စစ်ဘေးစစ်ဒဏ်မှ ရှောင်နေသည့် တောင်ကိုရီးယား မိသားစုများမှ လူသုံးရာကျော်ကို အမေရိကန်စစ်သားများက မြောက်ကိုရီးယားလူမျိုးများဟု စွပ်စွဲကာ အစုအပြုံလိုက်သတ်ပစ်ခဲ့သည်။ ဗီယက်နမ်စစ်ပွဲကာလက တောင်ဗီယက်နမ် မိုင်လေရွာမှ ရွာသားအားလုံးကို အမေရိကန်စစ်သားများက အစုအပြုံလိုက်သတ်ပြီး တစ်ရွာလုံး မီးရှို့ခဲ့သည်။ ရန်သူကို လက်ခံထမင်းကျွေးသည်ဟု ယူဆသောကြောင့်ဟု ဆို၏။ ၁၉၈၉ခုနှစ် ဒီဇင်ဘာလက အမေရိကန်တပ်များ ပနားမားနိုင်ငံကို ကျူးကျော်စဉ် လူ ၂၀၀၀ကျော်ကို အစုအပြုံလိုက်သတ်ခဲ့သည်။ အမေရိကန်တို့၏ Licensed to Rape နှင့် Licensed to Kill များပင် ဖြစ်ပေသည်။

(ဆက်လက်ဖော်ပြပါမည်။)

တရားစီရင်ရေးတွင်လည်း လူမည်းများက လူဖြူများထက် ကြီးလေးသော ပြစ်ဒဏ်များ ချမှတ်ခြင်းခံနေရသည်။ အဖမ်းခံရသော အမှုချင်းအတူတူ လူမည်းများက လူဖြူများထက် ထောင်ကျရန် သုံးဆပို၍ သေချာသည်။ လူမည်းများ သေဒဏ်ချမှတ်ခံရမှုမှာ လူဖြူထက် လေးဆပိုများသည်။ အမေရိကန်နိုင်ငံ၏ လူဖြူလူမည်း၊ အသားအရောင်၊ လူမျိုးခွဲခြားမှုများမှာ ပြောမကုန်နိုင်ပေ။

ပါကစ္စတန်၌ နျူကလီးယားဒုံးကျည် စမ်းသပ်ပစ်လွှတ်

အစ္စလမ္မာဘတ် မတ် ၂၂

ပါကစ္စတန်နိုင်ငံသည် ဒုတိယအကြိမ် နျူကလီးယားဒုံးကျည်ကို စမ်းသပ်မှု အောင်မြင်ခဲ့ကြောင်း ပါကစ္စတန် စစ်ဘက်က မတ် ၂၁ရက်တွင် ပြောကြားခဲ့သည်။

ဘာဘရာသို့မဟုတ် ဟက်ဖ်အမည်ရှိ နျူကလီးယားဒုံးကျည်ကို ယမန်နှစ် ဩဂုတ်လတွင် ပထမအကြိမ် စမ်းသပ်ခဲ့သည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ပါကစ္စတန်နိုင်ငံ၏ လက်နက်စနစ်တွင် ထူးခြားတိုးတက်လာသည့် အချက်ကို ဖော်ပြလိုက်ခြင်းဖြစ်သည်။

အဆိုပါ ဒုံးကျည်စမ်းသပ်မှု အောင်မြင်ခဲ့ကြောင်း၊ ပစ်မှတ်ကို တိကျစွာ ထိခဲ့ကြောင်း၊ ဒုံးကျည်စမ်းသပ်မှုကို သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်ကိုယ်တိုင် လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ သို့ရာတွင် စမ်းသပ်ပြုလုပ်သည့်နေရာကို ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သိရှိရသည်။

ဘာဘရာဒုံးကျည်သည် ရေဒါနှင့် ဖမ်းယူရန် ခက်ခဲကြောင်း၊ ထိန်းချုပ်ရ လွယ်ကူ၍ မြေနိမ့်တွင် ပျံသန်းခြင်း၊ ပစ်မှတ်တိကျခြင်းနှင့် ရေဒါကို ရှောင်ရှားနိုင်ခြင်း စသည့်ထူးခြားချက်များ ပါရှိ သည်။

အဆိုပါ ဒုံးကျည်တွင် မည်သည့် ထိပ်ဖူးအမျိုးအစားကိုမဆို ထည့်သွင်းနိုင်ပြီး ၅၀၀ကီလိုမီတာအထိ ပစ်ခတ်နိုင်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်၏ အစီရင်ခံစာကို တရုတ်အစိုးရက မကျေနပ်ကြောင်း ပြောကြား

ပေကျင်း မတ် ၂၂

အမေရိကန်အမျိုးသားလုံခြုံရေး မဟာဗျူဟာဌာန(အင်အက်စ်အက်စ်)က မကြာမီကထုတ်ပြန်လိုက်သည့် တရုတ်နိုင်ငံနှင့် စပ်လျဉ်း၍ မှားယွင်းစွာသုံးသပ်ထားသည့် အမေရိကန်ပြည်ထောင်စု၏ သဘောထားကို တရုတ်အစိုးရက အပြင်းအထန် ဆန့်ကျင်ကြောင်းဖြင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကင်ဂန်က တနင်္လာနေ့တွင် ပြောကြားသည်။

အင်အက်စ်အက်စ်က ထုတ်ပြန်သည့် အစီရင်ခံစာတွင် အာရှစီးပွားရေး ကဏ္ဍ၌ တရုတ်နိုင်ငံ၏ အောင်မြင်မှုကို ဖော်ပြထားကြောင်း၊ သို့ရာတွင် ယင်း အစီရင်ခံစာတွင် တရုတ်နိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ထားမှု များကိုလည်း ဖော်ပြထားခဲ့ကြောင်း စသည်ဖြင့် ယင်းအစီရင်ခံစာနှင့် ပတ်သက်၍ တုံ့ပြန်ပြောကြားရာတွင် ကင်ဂန်က ဖော်ပြပါအတိုင်း ဝေဖန်ခြင်းဖြစ်သည်။

တစ်ဖက်တွင် အမေရိကန်နှင့် တရုတ်တို့သည် ယေဘုယျအကျိုးစီးပွားအပေါ် သဘောထားအမြင်ချင်း တူညီကြကြောင်း၊ အကြမ်းဖက်တိုက်ဖျက်ရေးနှင့် နျူကလီးယား မပြန့်ပွားရေးကဏ္ဍများတွင် နှစ်နိုင်ငံ အခိုင်အမာ ပူးပေါင်း ဆောင်ရွက်သင့်ကြောင်း၊ သို့ရာတွင် အခြားတစ်ဖက်၌ တရုတ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများနှင့် နိုင်ငံခြားရေးမူဝါဒများအပေါ် အခြေအမြစ်မရှိ ပြစ်တင်ဝေဖန်ထားသည်မှာ တာဝန်မဲ့လှကြောင်း စသည်ဖြင့် ဝေဖန်ရာတွင် ဖော်ပြထားသည်။

ယင်းကြောင့် တရုတ်အစိုးရက အမေရိကန်ပြည်ထောင်စု၏ မှားယွင်း သုံးသပ်ထားမှုအပေါ် လုံးဝဥဿုံ ကျေနပ်မှုမရှိကြောင်း၊ အမေရိကန် အစိုးရအပေါ် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြင်းထန်စွာ ဆန့်ကျင်ကြောင်း ကင်ဂန်က ထုတ်ဖော်ပြောကြားသည်။

ကမ္ဘာ့ငြိမ်းချမ်းရေး ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံအများဖွံ့ဖြိုးရေး ဖော်ဆောင်ရာတွင် တရုတ်နိုင်ငံသည် အထင်ကရနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ပြည်တွင်းနှင့် ပြည်ပမူဝါဒများ ချမှတ်ရာတွင် ဖွံ့ဖြိုးမှုအခြေခံပြီး ဖော်ဆောင်ရန် ဆုံးဖြတ်ထားကြောင်း၊ တရုတ်နည်း တရုတ်ဟန်ဖြင့် ဆိုရှယ်လစ်လမ်းစဉ် ချီတက်ပြီး ငြိမ်းချမ်းကာ ဖွံ့ဖြိုးသည့်လမ်းကို လျှောက်လှမ်းမည်ဖြစ်ကြောင်း၊ လွတ်လပ်သည့် နိုင်ငံခြားရေးမူဝါဒကို ဆုပ်ကိုင်ပြီး အခြားနိုင်ငံများနှင့် ငြိမ်းချမ်းချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်မည့် လမ်းစဉ်ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ကင်ဂန်ကပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တရုတ်သမ္မတ ဟူကျင်တောင်တို့ တရုတ်နိုင်ငံ ပေကျင်းမြို့၌ မတ် ၂၂ရက်က တွေ့ဆုံကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တူရကီနိုင်ငံတွင် အီရတ်စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြနေသူများအား မတ် ၁၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရုရှားအပေါ် ဝေဖန်ထားသည့် အမေရိကန်၏ အစီရင်ခံစာကို ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက တုံ့ပြန်ဝေဖန်

မော်စကို မတ် ၂၂

ရုရှားနိုင်ငံတွင် ဒီမိုကရေစီလုပ်ငန်းစဉ် ဖော်ဆောင်ရေးအတွက် အမေရိကန်အစိုးရက အမြဲကြိုးပမ်းနေမှုအပေါ် ရုရှားနိုင်ငံခြားဝန်ကြီးဌာနက တနင်္လာနေ့တွင် သတိပေးပြောကြားလိုက်သည်။

အမေရိကန်၏ ကြိုးပမ်းမှုသည် အမြဲဆန်ပြီး နိုင်ထက်စီးနင်းကျလှကြောင်း၊ အခြားနိုင်ငံများတွင် ဒီမိုကရေစီ အမြဲ ဖော်ဆောင်မှုသည် အောင်မြင်မှုမရနိုင်သလို ယင်းအတွေးအခေါ်ကြောင့် သိက္ခာကျစရာဖြစ်ရပ်များဖြင့် ကြုံတွေ့နိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ အမေရိကန်အစိုးရက ရုရှားနှင့် ပတ်သက်၍ ထုတ်ပြန်သည့် အမျိုးသားလုံခြုံရေးမဟာဗျူဟာ အစီရင်ခံစာကို ရုရှားအစိုးရက တုံ့ပြန်ဝေဖန်ခြင်းဖြစ်သည်။

ယခုအသစ်တစ်ဖန် ထုတ်ပြန်သည့် အမေရိကန်အစိုးရ၏ အစီရင်ခံစာ၌ ရုရှားနိုင်ငံတွင် ဒီမိုကရေစီ သွတ်သွင်းလုပ်ဆောင်မှုအပေါ် အမေရိကန်အစိုးရက တက်ကြွစွာ လှုပ်ရှားသည့် အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ဦးတည်ထားသော မျှော်မှန်းချက်ကို ဖော်ပြထားခြင်းဖြစ်သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပြန်သည့်ကြေညာချက်တွင် ပါရှိသည်ဟု အီတာတပ်စ် သတင်းဌာနက ပြောကြားသည်။

ယခုအခါ ရုရှားနိုင်ငံက ကျင့်သုံးနေသည့် မူဝါဒသည် ဒီမိုကရေစီနည်းကျ လွတ်လပ်မှုများနှင့် ဥပဒေစံနှုန်းများ တိုးတက်စေရန် တာဝန်ယူဆောင်ရွက်ရမည့် အခန်းကဏ္ဍသည် ဝမ်းနည်းစရာကောင်းသည့်အနေအထားသို့ရောက်ရှိနေသည်အထိ မေးမှိန်နေပြီဖြစ်ကြောင်း သမ္မတဘုရှ်၏ ပြောကြားချက်ကို အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

ဒီမိုကရေစီနည်းကျ လမ်းစဉ်ကို ဖော်ဆောင်နိုင်ကြောင်း၊ သို့ရာတွင် နိုင်ငံတိုင်းက ကိုယ့်နိုင်ငံ၏ ထူးခြားသည့် သမိုင်းရေးရာနှင့် နိုင်ငံရေးအခြေအနေများအပေါ် ထည့်သွင်းစဉ်းစားကာ ကိုယ့်လမ်းစဉ်ဖြင့် ကိုယ်ဖော်ဆောင်ရမည်ဖြစ်သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြန်တမ်းတွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လူတွင် ကြက်ငှက်တုပ်ကွေးရောဂါ လွယ်ကူစွာမကူးစက်နိုင် သိပ္ပံသုတေသီများ ဖော်ထုတ်တွေ့ရှိ

နယူးယောက် မတ် ၂၂

သိပ္ပံ သုတေသီတစ်စု အနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ် အိပ်ချ်-၅ အင်-၁ အဘယ်ကြောင့် လူတစ်ဦးမှတစ်ဦး မြန်မြန်မပြန့်ပွားရသည်ကို ဖော်ထုတ်သိရှိနိုင်ပြီဟု ယူဆထားကြကြောင်း နေးချားအမည်ရှိ ဂျာနယ်တွင် မကြာသေးမီက ရေးသားဖော်ပြခဲ့သည်။

ကူးစက်

ထိုတွေ့ရှိချက်ကို ဖော်ထုတ်သူများမှာ ဝက်ဘ်ကွန်ဆင်တက္ကသိုလ်မှ ဒေါက်တာ လော့ရင့်တိုက်လီနှင့် ၎င်း၏ သုတေသနအဖွဲ့ဝင်များ ဖြစ်ကြသည်။ လေထဲတွင် ပျံ့လွင့်နေသော အိပ်ချ်-၅အင်-၁ ဗိုင်းရပ်စ်သည် အသက်ရှူလမ်းကြောင်းမှ လူ့ခန္ဓာကိုယ်အတွင်း ရောက်ရှိပြီး လူ၏ဆဲလ်ကလာပ်စည်းများတွင် တွယ်ကပ်ကာ လူသားများကို ရောဂါ ကူးစက်စေခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုသို့ ရောဂါပိုးက လူ့ကလာပ်စည်းကို တွယ်ကပ်ရာ၌ လွယ်ကူစွာ တွယ်ကပ်နိုင်ခြင်းမရှိသည့်အတွက် ကြက်ငှက်တုပ်ကွေးရောဂါ လူသားတို့၌ မြန်ဆန်စွာ ကူးစက်ပျံ့နှံ့ခြင်း မဖြစ်ရကြောင်း ၎င်းသုတေသီအဖွဲ့က ယူဆထားသည်။

အိပ်ချ်-၅ အင်-၁ ဗိုင်းရပ်စ်သည် ၂၀၀၃ ခုနှစ်တွင် စတင်ဖြစ်ပွားချိန်မှ ယနေ့အထိ အာရှတိုက်၊ အာဖရိကတိုက်နှင့် ဥရောပတိုက်များအထိ ရောက်ရှိ ပျံ့နှံ့ခဲ့ပြီးဖြစ်ပြီး လူ ၁၈၀ ခန့် ထိုရောဂါ ကူးစက်ခံခဲ့ရသည်။ ယင်းအနက် လူ ၁၀၀ ကျော်ခန့်မှာ ကြက်ငှက်တုပ်ကွေးရောဂါ နှိပ်စက်မှုကြောင့် အသက်ဆုံးရှုံးခဲ့ကြရသည်။

လတ်တလောအချိန်အထိ လူတစ်ဦးမှ တစ်ဦးသို့ လျင်မြန်စွာ ကူးစက်နိုင်ခြင်းမရှိသေးပေ။ ***အင်တာနက်။***

နိုင်ဂျီးရီးယားနိုင်ငံရှိ ကြက်မွေးမြူရေးခြံအတွင်း ကျန်းမာရေးဝန်ထမ်းတစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးဝတ်စုံ ဝတ်ဆင်လျက် စစ်ဆေးကြည့်ရှုနေသည်ကို မတ် ၂ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

အမေရိကန်က ရေနံလိုချင်၍ အီရန်ကို ခြိမ်းခြောက်နေ ဗင်နီဇွဲလားသမ္မတ ဝေဖန်ပြောကြား

ကရာကတ်စ်(ဗင်နီဇွဲလား) မတ် ၂၂

အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံမှ ရေနံသိုက်များနှင့်စပ်လျဉ်း၍ ခြိမ်းခြောက်မှုပြုလုပ်နေသည်ဟု ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က စွပ်စွဲပြောကြားပြီးနောက် အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာအပေါ် ဗင်နီဇွဲလားအစိုးရက အီရန်အစိုးရဘက်မှ ရပ်တည်သွားမည်ဖြစ်ကြောင်း အင်္ဂါနေ့က ပြောကြားသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အီရန်၏ နျူကလီးယားပြဿနာအပေါ် မည်သို့မည်ပုံ တုံ့ပြန်ရမည်ဟူသည့် သဘောတူညီချက်မရသေးဘဲ ဖြစ်နေစဉ် အီရန်က အဏုမြူဗုံးထုတ်လုပ်နိုင်ပါက ကမ္ဘာကြီးကို နိုင်ငံရေးအရ အမြတ်ထုတ်နိုင်မည်ဟု အမေရိကန်အစိုးရက သတိပေးထားသည်ဟု ချာဗက်ဇ်က ပြောကြားသည်။

အနောက်အုပ်စု အင်အားကြီးနိုင်ငံများက အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်ကို ရပ်ဆိုင်းစေရန် ကြိုးပမ်းနေကြောင်း၊ အီရန်က နျူကလီးယားလက်နက်များ လျှို့ဝှက်လုပ်နေသည်ဟု ၎င်းတို့က စိုးရိမ်မကင်းဖြစ်လျက်ရှိကြောင်း ဟူဂိုချာဗက်ဇ်က ဆက်လက်ပြောကြားသည်။

အမေရိကန်နယ်ချဲ့သည် ရေနံလိုချင်၍ အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့ကြောင်း၊ ယခုအခါ ရေနံအတွက်ပင် အီရန်ကို ခြိမ်းခြောက်နေပြန်ကြောင်း၊ အီရန်က နျူကလီးယားဗုံးထုတ်လုပ်နေသည်မှာ မဟုတ်မှန်ကြောင်း၊ မုသားစကားသာဖြစ်ပြီး ယင်းသို့ထုတ်လုပ်သည့် သက်သေအထောက်အထားလည်း မရှိကြောင်း ချာဗက်ဇ်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မလေးရှား၌ စားအုန်းဆီ ဇီဝလောင်စာကို စတင်အကောင်အထည်ဖော် သုံးစွဲလျက်ရှိ

ကွာလာလမ်ပူ မတ် ၂၂

မလေးရှားနိုင်ငံသည် ဘီ–၅ စားအုန်းဆီမှ ဇီဝလောင်စာကို မတ် ၂၁ ရက်တွင် စတင်ထုတ်လုပ်လျက်ရှိသည်။

စားအုန်းဆီအရင်းအမြစ်ကို သုံးစွဲပြီး လောင်စာစီမံကိန်းကြီးတစ်ခုအဖြစ် ဖော်ဆောင်မည်ဆိုလျှင် ကမ္ဘာ့ရေနံဈေးနှုန်းပြဿနာကို တောင့်ခံထားနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် စွမ်းအင်အရင်းအမြစ်ကို ကြာရှည်ခံအောင် ထိန်းသိမ်းသွားနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်ပြီး လူ့ထိုးထွင်းဉာဏ်ဖြင့် စားအုန်းဆီမှ ဇီဝဒီဇယ်ကို ပြောင်းလဲအသုံးပြုနိုင်မည်ဟု ၎င်းကမျှော်လင့်ထားခဲ့သည်ဟု ဆိုသည်။

ဇီဝလောင်စာကို သတ်မှတ်ထားသော အစိုးရအဖွဲ့အစည်းယာဉ်များကို စတင်သုံးစွဲမှု အကောင်အထည်ဖော်ပြီးနောက်တွင် ပုဂ္ဂလိကကားများတွင် သုံးစွဲမည်ဖြစ်ကြောင်း ဘာဒါဝီကပြောဆိုခဲ့သည်။

အဆိုပါ စားအုံးဆီ ဇီဝလောင်စာဆီကို မလေးရှာနိုင်ငံ စားအုန်းဆီသုံး စမ်းသပ်ယာဉ်များတွင် သုံးစွဲမှုအောင်မြင်ဖြစ်ထွန်းခဲ့ကြောင်း၊ ထပ်မံ၍ ကာကွယ်ရေးဝန်ကြီးဌာန၊ ဆီလန်ဂေါပြည်သူ့လုပ်ငန်းဌာန၊ ကွာလာလမ်ပူမြို့တော်ခန်းမနှင့် စီမံကိန်းဝန်ကြီးဌာနအောက်ရှိ အဖွဲ့များ၏ ယာဉ်များတွင် သုံးစွဲသွားမည်ဖြစ်သည်။

ထိုဇီဝလောင်စာစီမံကိန်းကို ၁၉၈၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ၁၉၈၃ခုနှစ် မတ်တွင် ဝန်ကြီးအဖွဲ့၏ သဘောတူ လက်ခံမှုကိုရရှိခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက ကန့်ကွက်နေသော်လည်း ကနေဒါနိုင်ငံတွင် ပင်လယ်ဖျံဖမ်းဆီးသည့် ရေယာဉ်များကို မတ် ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

မြစ်နီမြစ်ကို ဖြတ်ကျော်၍ တရုတ်–ဗီယက်နမ် တံတားတည်ဆောက်မည်

ဟန္နိုင်း မတ် ၂၁

တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် မြစ်နီမြစ်ကိုဖြတ်၍ တံတားတစ်စင်းတည်ဆောက်ရန် ဗီယက်နမ်အစိုးရက သဘောတူ အတည်ပြုခဲ့ကြောင်း၊ ထိုတံတားတည်ဆောက်ခြင်းသည် နှစ်နိုင်ငံကြား ကုန်စည်သယ်ယူမှုနှင့် ခရီးသွားလာရေးများ၌ အဆင်ပြေချောမွေ့လာရန်အတွက် ဖြစ်ကြောင်း လူငယ်သတင်းစာက မတ် ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ တံတားကို ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဟီကူခရိုင်တို့ကို ဆက်သွယ်ဖောက်လုပ်မည်ဖြစ်ကြောင်း၊ ယခုလကုန်ပိုင်းတွင် လုပ်ငန်းကို စတင်ပြီး ၂၀၀၇ ခုနှစ် နှစ်လယ်တွင် တံတားကို စတင်ဖွင့်လှစ်မည်ဖြစ်သည်ဟု မျှော်မှန်းထားသည်။ ထိုတံတားတည်ဆောက်ပြီးစီးပါက နှစ်နိုင်ငံစီးပွားရေးများ ပိုမိုတိုးတက်လာမည်ဖြစ်သည်ဟု ဆိုသည်။

အဆိုပါ တံတားတွင် လမ်းသွယ်လေးခု ပါဝင်ပြီး တံတားအကျယ်မှာ ၂၁ ဒသမ ၅ မီတာရှိပြီး အရှည်မှာ ၂၉၅ မီတာရှိမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ အနောက်မြောက်ပိုင်းဒေသနှင့် တရုတ် အနောက်တောင်ပိုင်းဒေသတို့တွင် ကုန်သွယ်ရေးနှင့် ခရီးသွားလာမှုတို့တွင် တိုးမြှင့်လာမည်ဟု ဆိုသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

နိုင်ငံတကာသတင်းများ

ချီလီနိုင်ငံ ဆန်တီယာဂိုမြို့မြောက်ဘက်တွင် မော်တော်ယာဉ် မတော်တဆမှုကြောင့် တိမ်းမှောက်သွားသော ဘတ်စ်ကားတစ်စီးကို မတ် ၂၂ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အထည်ချုပ်စက်ရုံများ လုံခြုံရေးစံချိန်စံညွှန်း ပြည့်မီရန်ဆောင်ရွက်

ဒါကာ မတ် ၂၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စက်ရုံ ၄၀၀၀ ခန့်ကို ဘင်္ဂလားဒေ့ရှ် အသင့်ချုပ်အထည်ထုတ်လုပ်သူများနှင့် တင်ပို့သူအဖွဲ့ (ဘီဂျီအမ်အီးအေ)က စစ်ဆေးလျက်ရှိကြောင်း၊ လုံခြုံရေး စံချိန်စံညွှန်း မမီသော စက်ရုံများကို မည်သည့်စက်ရုံတွင်မှ တွေ့ရှိလိမ့်မည်မဟုတ်ကြောင်း မတ် ၂၀ ရက်တွင် ပြောကြားခဲ့သည်။

ထူထောင်

စက်ရုံများတွင် ထွက်ပေါက်တစ်ပေါက်ထက် ပိုမိုထားရှိပြီး ထိုထွက်ပေါက်များကို အမြဲဖွင့်ထားရမည်ဟု ဘီဂျီအမ်အီးအေအဖွဲ့ဥက္ကဋ္ဌက မတ် ၂၀ ရက်တွင် ပြောကြားခဲ့သည်။ ချီတာဂွန်ဒေသ အရှေ့တောင်ပိုင်း အထည်ချုပ်စက်ရုံသည် ယခင်လက မီးလောင်မှုကြီးဖြစ်ပွားခဲ့ရာ အလုပ်သမား ၅၇ ဦး သေဆုံးခဲ့သည်။ ထိုသို့ဖြစ်ပွားခဲ့ပြီးနောက် ဘီဂျီအမ်အီးအေ စုံစမ်းရေးအဖွဲ့ကို ထူထောင်ခဲ့သည်။ ထိုအဖွဲ့သည် ယခုအချိန်ထိ စက်ရုံ ၁၅၀ကျော်ကို စစ်ဆေးပြီးဖြစ်ကြောင်း အဖွဲ့ဥက္ကဋ္ဌမော်ရှီဒီက ပြောဆိုခဲ့သည်။ ယခုအချိန်ထိ စက်ရုံ၏ လုံခြုံမှုစံချိန်စံညွှန်း မကိုက်ညီသော စက်ရုံသုံးခုကို ဒါကာမြို့၌ တွေ့ရှိထားကြောင်း ၎င်းကဆိုသည်။ အသင့်ချုပ်အထည်လုပ်ငန်းမှ နှစ်စဉ် အမေရိကန် ဒေါ်လာ ရှစ်ဘီလီယံခန့်ရရှိကြောင်း၊ တင်ပို့ကုန်လုပ်ငန်း စုစုပေါင်းဝင်ငွေ၏ ၈၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ဖော်ပြထားသည်။

အပြစ်ပေး

လုံခြုံမှုမရှိသော စက်ရုံများကို အပြစ်ပေးသည့်အနေဖြင့် ပြည်ပကုန်အမှာစာကို ပိတ်ထားပြီး တာကာ ၅၀၀၀ (အမေရိကန်ဒေါ်လာ ၇၁၄) ဒဏ်တပ်မည်ဖြစ်သည်ဟု ၎င်းက ပြောဆိုခဲ့သည်။

စက်ရုံ ၄၀၀၀ စလုံးကို စစ်ဆေးရန်အတွက် နှစ်လမှ သုံးလအထိ ကြာမည်ဖြစ်သည်။ ထိုစက်ရုံများတွင် အလုပ်သမား နှစ်သန်းခန့်ရှိပြီး ၉၀ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးများဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သြစတြေးလျနိုင်ငံအရှေ့မြောက်ပိုင်း အင်စန်ဖီးလ်တွင် လာရီ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အိန္ဒိယ၌ ဂျက်လေယာဉ်ပျက်ကျ လေယာဉ်မှူးနှစ်ဦးသေဆုံး

နယူးဒေလီ မတ် ၂၂

အိန္ဒိယနိုင်ငံအနောက်ပိုင်းရာဂျာစသန်ပြည်နယ်၌ အမ်အိုင်ဂျီ–၂၁ ဂျက်လေယာဉ်တစ်စင်း မတ် ၂၁ရက်တွင် ပျက်ကျခဲ့ရာ အိန္ဒိယလေကြောင်းတပ်ဖွဲ့ (ဂျေအေအက်ဖ်)မှ လေယာဉ်မှူးနှစ်ဦး သေဆုံးခဲ့ကြောင်း အိန္ဒိယအထက်တန်းတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဂျက်လေယာဉ်သည်ဥတာလလေတပ်စခန်းမှ လေ့ကျင့်ပျံသန်းမှုပြုလုပ်စဉ် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၃၅ မိနစ်တွင် ပျက်ကျခဲ့ကြောင်း၊ လေယာဉ်မှူး၏ သတင်းပေးချက်ကိုလည်းမရရှိကြောင်းဂျေအေအက်ဖ်အဖွဲ့မှ မာဟက်စ်ဉပါဆာနီက ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အယ်လ်ဂျီးရီးယားနိုင်ငံ၌ ငလျင်လှုပ်၊ လေးဦးသေဆုံး

လန်ဒန် မတ် ၂၁

အယ်လ်ဂျီးရီးယားနိုင်ငံ၌ မတ် ၂၀ ရက်တွင် အင်အား ၅ ဒသမ ၈ အဆင့်ရှိသော မြေငလျင်လှုပ်သွားရာ လေးဦးထက်မနည်းသေဆုံးပြီး ၃၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အယ်လ်ဂျီးရီးယားရေဒီယိုက ထုတ်ပြန်ကြေညာခဲ့သည်။

အယ်လ်ဂျာမြို့ အရှေ့ဘက်ကီလိုမီတာ ၃၀၀ အကွာ ဘီဂျာယာပြည်နယ်တွင် ငလျင်လှုပ်သွားသည်ဟု ဗြိတိန်အသံလွှင့်ဌာနက ထုတ်လွှင့်ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အင်ဒိုနီးရှား၌ ခရီးသွားဧည့်သည် ပိုမိုလာရောက်ရေး ဗီဇာရက် ထပ်မံတိုးမြှင့်ရန် စီစဉ်ဆောင်ရွက်နေ

ဂျကာတာ မတ် ၂၂

အင်ဒိုနီးရှားသို့ ခရီးသွားဧည့်သည် လာရောက်မှုကျဆင်းမှုကို ပြန်လည်နာလန်ထူနိုင်ရန် ဗီဇာရက်ကို ထပ်မံတိုးမြှင့်ရန် အင်ဒိုနီးရှားအစိုးရက စီစဉ်လျက်ရှိသည်ဟု မတ် ၂၁ ရက် သတင်းတွင် ဖော်ပြခဲ့သည်။

ဗီဇာနေထိုင်ခွင့်ကို လတ်တလော၌ ရက်သတ္တပတ်နှစ်ပတ်သတ်မှတ်ထားရာမှ တစ်လမှ သုံးလအထိ တိုးချဲ့သတ်မှတ်မည်ဟု ဒုတိယသမ္မတ ဂျူဆက်ဖ်ကာလာ၏ ပြောကြားချက်ကို ဂျကာတာပို့စ်သတင်းစာက ရေးသားဖော်ပြခဲ့သည်။

ရက်သတ္တပတ်နှစ်ပတ်နှင့် မလုံလောက်သော ဧည့်သည်များအတွက် ဘာလီမြို့နှင့် နိုင်ငံတစ်ဝန်းရှိ ထင်ရှားသောနေရာများသို့ လည်ပတ်သွားလာနိုင်ရန် အချိန်ထပ်မံ တိုးချဲ့ထားခြင်းဖြစ်သည်ဟု ၎င်းက ပြောဆိုခဲ့သည်။

မျက်မှောက်တွင် ဗီဇာနှင့် နေထိုင်ခွင့်ကို ဒေသများနှင့် နိုင်ငံ ၃၄ နိုင်ငံကို ခွင့်ပြုထားခဲ့သည်။ ဒေသများနှင့် ၄၈ နိုင်ငံမှ နိုင်ငံသားများအတွက် ဗီဇာမလိုဘဲ လာရောက်ခွင့်ကို ပယ်ဖျက်ခဲ့ပြီးနောက် ၂၀၀၄ ခုနှစ်တွင် အစီအစဉ်သစ်ကို အစိုးရက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယမန်နှစ်က ဘာလီကျွန်းတွင် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် တစ်ရက်လျှင် ပျမ်းမျှဧည့်သည် ၂၆၀၀၊ မတ်လတွင် ၂၉၅၀ လာရောက်ခဲ့သည်။

ဆွဲဆောင်

ဂျပန်နှင့် သြစတြေးလျကဲ့သို့ နိုင်ငံများမှ ခရီးသွားဧည့်သည်လာရောက်မှုနှုန်းကျဆင်းခဲ့ပြီးနောက် အရှေ့အလယ်ပိုင်းမှ ဧည့်သည်များကို ပိုမိုဆွဲဆောင်ရမည်ဟု ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီး ဂျီရိုးဝါကစ်စ်က ပြောကြားသည်။

အာရပ်ဒေသမှ ဧည့်သည်များကို ဆွဲဆောင်ရမည်ဖြစ်ကြောင်း၊ ထိုဒေသတွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလက်ကမ်းစာစောင်များ စတင်ဖြန့်ဝေသင့်ကြောင်း၊ ခရီးသွားလမ်းညွှန်များကိုလည်း ဘာသာစကား သင်ကြားပေးခြင်းတို့ကို လုပ်ဆောင်သင့်ကြောင်း၊ တရုတ်နိုင်ငံသည်လည်း ရှေ့လာမည့် ခရီးသွားဈေးကွက်ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာနိုင်ကြောင်း ၎င်းကပြောဆိုခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

(၆၁)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

မျိုးဆက်သစ်တို့၏ သမိုင်းပေးတာဝန်

ကြည်ဝင်းညွန့်

တပေါင်းနွေ၏ နံနက်ခင်းသည် ဆွတ်ပျံ့ကြည်နူးဖွယ် ကောင်းလှသည်။ နွေဆိုသော်လည်း တပေါင်းလ၏ သဘာဝအတိုင်း နေ့ဘက်တွင် ပူပြင်းလှပြီး ညဦးပိုင်းမှ နံနက်ခင်းစောစောပိုင်းအထိ အအေးဓာတ်က လွှမ်းခြုံထား၍ ချမ်းမြမြရှိလှသည်။

လမ်းတစ်ဖက်တစ်ချက်ရှိ ပင်အို ပင်ပျိုတို့ထက်၌ ရွက်နုတို့ လွင်စပြုဆဲ၊ ရွက်ဝါတို့လည်း မကုန်စင်တတ်သေး။ အချို့သော ရော်ရွက်တို့သည် ဝါရွှေနီကြန်နေသည်။ တပေါင်းလ၏ နံနက်ရှုခင်း မြင်ကွင်းများကား ပန်းချီကားတစ်ချပ်ပမာ လှပနေဆဲပင်။

တပေါင်းလ၊ တပေါင်းအလှတို့နှင့်အတူ မြန်မာ့သမိုင်းတွင် မော်ကွန်းတင် ထင်ရှားနေသည့် ဖက်ဆစ်တော်လှန်ရေးကြီးကို တပေါင်းနွေ၌ စတင်ဆင်နွှဲခဲ့သော တပ်မတော်နေ့မော်ကွန်းသည် အတွေးပုံရိပ်တွင် အရိပ်ထင်လာသည်။ ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် မျိုးချစ်မြန်မာ့တပ်မတော်သည် ရန်ကုန်မြို့ရှိ တော်လှန်ရေးပန်းခြံ၌ စစ်ထွက်အခမ်းအနား ကျင်းပကာ တပ်အားလုံးကိုဖျောက်ပြီး ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့၌ တိုင်းရင်းသားပြည်သူတို့နှင့်အတူ ဖက်ဆစ်တော်လှန်ရေးကြီးကို ပူးပေါင်းဆင်နွှဲခဲ့သည်။ ဖက်ဆစ်တို့ကို တစ်သွေးတည်း တစ်သားတည်း၊ တစ်စိတ်တည်း တစ်ဝမ်းတည်း တော်လှန်ချေမှုန်းခဲ့ကြခြင်း ဖြစ်သည်။

တပ်မတော်နှင့်ပြည်သူ ကြည်ဖြူစွာလက်တွဲပြီး လူအင်အား၊ လက်နက်အင်အားသာလွန်သော ဖက်ဆစ်တို့နှင့် တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ရာ အောင်ပွဲအလီလီ ရရှိခဲ့ကြသည်။ ယင်းသို့ နိုင်ငံနှင့်လူမျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရေးအတွက် သက်စွန့်ကြိုးပမ်း တိုက်ပွဲဝင်ခဲ့သည့် တပ်မတော်နှင့် ပြည်သူတို့၏ အောင်မြင်မှုများကို အစဉ်သတိရ ဂုဏ်ပြုလျက်ရှိကြသည်။ နှစ်စဉ် မတ်လ ၂၇ ရက်နေ့သို့ ရောက်ရှိတိုင်း အမွန်အမြတ် မှတ်တမ်းတင်ထားရသော တပ်မတော်နေ့ ဂုဏ်ပြု စစ်ရေးပြအခမ်းအနားများကို ခမ်းနားထည်ဝါစွာ ကျင်းပလျက်ရှိသည်။

၂၀၀၆ ခုနှစ် မတ်လ ၂၇ ရက်နေ့သည် (၆၁)နှစ်မြောက် တပ်မတော်နေ့ဖြစ်သည်။ တစ်နည်းအားဖြင့် တပ်မတော်က မြန်မာနိုင်ငံနှင့် တိုင်းရင်းသား မိဘပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို သက်စွန့်ကြိုးပမ်း ကာကွယ်စောင့်ရှောက်လာခဲ့သည်မှာ (၆၁)နှစ်ပြည့်မြောက်တော့မည် ဖြစ်သည်။

နှစ်စဉ် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသည့် စစ်ကြောင်းကြီးများမှ တပ်မတော်သားများကို သွားရောက်ကြည့်ရှု အားပေးခဲ့သည်။ စစ်ကြောင်းများ ချီတက်ရင်း သီကြွေးလာကြသည့် စစ်ချီသီချင်းသံများကို နားထောင်ရလေတိုင်း ရဲစိတ်ရဲမာန် ဝင်ခဲ့ရသည်။

ငယ်စဉ်ကာလမှ ယခုအသက်အရွယ်တိုင်အောင် နှစ်စဉ် မြင်တွေ့နေကျမြင်ကွင်း၊ ကြားနေကျ စစ်ချီသီချင်းများပင်ဖြစ်သော်လည်း မြင်ရသည်မှာ ရိုးသည်ဟူ၍မရှိ၊ ကြားရသည်မှာ အီသည်ဟူ၍ မခံစားမိ။ ငယ်ရွယ်နုပျိုသော တပ်မတော်သားများ၏ ညီညာသောခြေလှမ်း၊ တက်ကြွအားမာန်ပါသည့် လှုပ်ရှားဟန်များကိုမြင်ရ၍ စိတ်ဓာတ်များပင် တက်ကြွလန်းဆန်းလာသည်။ တပ်မတော်သားတို့၏ စစ်ချီတေးသံများက ကြားရသူအပေါင်း၏ ရင်ကိုလှုပ်ခတ်နိုးကြားစေသည်။

တပ်မတော် အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်

ဖန်နေဝန်းသို့ညီ ထွန်းလင်းပြောင်ပေသည်။ ဒါဒို့တိုင်း ဒို့ပြည် ဒို့ကာကွယ်မည်၊ ထူးမြတ်တဲ့ ဒို့တိုင်းပြည် တိုင်းရင်းသားငါတို့လူမျိုးပိုင်ရမည်--- လွတ်လပ်တဲ့ ဒို့တိုင်းပြည် ငါတို့ရဲ့ ခြသေ့်စိတ်ထားတည်ရမည်။ ဇာတိသွေး ဇာတိမာန် တက်ကြွဖွယ်ရာကောင်းလှသည့် စစ်ချီတေးသံများကား ထက်ရပ်ဝန်းကျင်အနှံ့ လွှင့်ပျံ့နေဆဲပင်။

စစ်ချီတေးများ၏ အနှစ်သာရသည် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်၏ အစဉ်အလာကို ညွှန်းဆိုနေပေသည်။ မြန်မာ့တပ်မတော်၏ သမိုင်းသည် ထာဝစဉ် မော်ကွန်းတင် ထင်ရှားလျက်ရှိသည်။

တပ်မတော်၏ မူလအစသည် ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေး တပ်မတော်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ပေါက်ဖွားလာခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးအတွက် ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ရာတွင် ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဘီဒီအေခေါ် ဗမာ့ကာကွယ်ရေးတပ်မတော်၊ ဗမာ့ တပ်မတော်၊ မျိုးချစ်ဗမာ့တပ်မတော်စသည့် အမည်အမျိုးမျိုးဖြင့် ခေတ်အလိုက် ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည်။

တပ်မတော်၏ ရဲစွမ်းသတ္တိရှိမှု၊ စစ်ရေးစွမ်းရည်ပြည့်ဝမှု၊ မျိုးချစ်စိတ်ထက်သန်မှုနှင့်အတူ တိုင်းရင်းသားပြည်သူ အားလုံး၏ စည်းလုံးညီညွတ်မှုတို့ ပေါင်းစည်းကြိုးပမ်းခဲ့ရာ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

သို့သော် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး မကြာမီမှာပင် လွတ်လပ်ရေးပြန်လည်ဆုံးရှုံးရမည့် အရေးနှင့်ကြုံရပြန်သည်။ တပ်မတော်သည် သက်တမ်းနုနယ်လှသေးသည့် နိုင်ငံတော်၏ လွတ်လပ်ရေး မဆုံးရှုံးစေရန် ပြည်သူတို့နှင့် အတူ လက်တွဲ၍ အသက်သွေးချွေးများစွာ ရင်းနှီးပြီး ကာကွယ်ခဲ့ရပြန်သည်။

ထိုစဉ်က တပ်မတော်ထက် အင်အားများစွာ သာလွန်သည့် ပြည်တွင်းသောင်းကျန်းသူများကို တွန်းလှန်တိုက်ခိုက်နိုင်ခဲ့သည်။

၁၉၄၉ ခုနှစ်မှစ၍ ဆင်နွှဲခဲ့ရသောတိုက်ပွဲများအနက် အင်းစိန်တိုက်ပွဲ၊ စော်ဘွားကြီးကုန်း တိုက်ပွဲ၊ သာစည်တိုက်ပွဲ၊ ပုသိမ်တိုက်ပွဲ၊ မန္တလေးတိုက်ပွဲ၊ မိတ္ထီလာတိုက်ပွဲ၊ ဖြူးတိုက်ပွဲ၊ ပဲခူးတိုက်ပွဲ၊ တောင်ငူတိုက်ပွဲ၊ ဟသ်ာတတိုက်ပွဲ၊ ဝက်ကော်တိုက်ပွဲ၊ ရေနံချောင်းတိုက်ပွဲ စသည်တို့မှာ ထင်ရှားလှသော တပ်မတော်၏ မော်ကွန်းမှတ်တိုင်များပင်ဖြစ်သည်။ ယင်းသို့တိုက်ပွဲအလီလီ အောင်ပွဲဆင်နိုင်ခဲ့ခြင်းသည် တပ်မတော်၏ နိုင်ငံနှင့်လူမျိုးအတွက် အသက်ပေး ကာကွယ်လိုသော မြင့်မြတ်သည့်စိတ်ထားကြောင့်ပင် ဖြစ်သည်။

သမိုင်းစဉ်တစ်လျှောက် တပ်မတော်သည် ၁၉၅၈ ခုနှစ်တွင် နိုင်ငံအကျပ်အတည်းနှင့် တွေ့ကြုံရစဉ်ကလည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် နိုင်ငံတော်ပြိုကွဲပျက်စီးမည့်အရေးနှင့် တွေ့ကြုံရစဉ်ကလည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် ဆူပူမှုအရေးအခင်းဖြစ်ပွားပြီး မင်းမဲ့စရိုက်များ ဖြစ်ပေါ်လာချိန်တွင် လည်းကောင်း နိုင်ငံတော်ကို အကြိမ်ကြိမ် ကာကွယ်စောင့်ရှောက်ခဲ့ရသည်။ ပြည်ပပယောဂများ၏ ပူးကပ်မှုနှင့် အချိန်ကိုက် တိုက်ခိုက်လာသည့် သောင်းကျန်းသူများကို ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်ချေမှုန်းခဲ့ရသည်။

တိုက်ပွဲအလီလီ အောင်ပွဲဆင်နိုင်ခဲ့ခြင်းသည် တပ်မတော်၏ နိုင်ငံနှင့်လူမျိုးအတွက် အသက်ပေးကာကွယ်လိုသော မြင့်မြတ်သည့်စိတ်ထား ကြောင့်ပင်ဖြစ်သည်။

မျက်မှောက်ကာလတွင် အမျိုးသားနိုင်ငံရေးကို အစဉ် ဦးဆောင်လျက်ရှိသော တပ်မတော်သည် နိုင်ငံတော်ကို အေးချမ်းသာယာစေရန် အမျိုးသားစည်းလုံးညီညွတ်ရေးကို အလေးထားကြိုးပမ်း တည်ဆောက်ခဲ့ရာ ငြိမ်းချမ်းရေး၏ အနှစ်သာရများ လွှမ်းခြုံဖြစ်ထွန်းလျက်ရှိသည်။ ပြည်ထောင်စုတစ်ဝန်း အကြားအလပ်မရှိ ခေတ်မီဖွံ့ဖြိုး တိုးတက်စေရေးနှင့် ပြည်သူများ၏ လူနေမှုဘဝ မြင့်မားလာရေးအတွက် ကဏ္ဍအလိုက် စီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိရာ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။

တစ်ချိန်တည်းတွင် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအခြေခံများနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက် သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

တပ်မတော်သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရင်း ပြည်သူတို့၏ အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုး ထမ်းရွက် လာခဲ့သည်မှာ (၆၁)နှစ်ပြည့်မြောက်တော့မည် ဖြစ်သည်။ တပ်မတော်အနေဖြင့် အဓိကတာဝန်ကြီးများဖြစ်သည့် နိုင်ငံတော် ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူလူထုအကျိုးစီးပွား ထာဝရ သယ်ပိုးဆောင်ရွက်ရေးတာဝန်များနှင့်အတူ စွမ်းရည် ပြည့်ဝသော ခေတ်မီတပ်မတော်ကိုလည်း ကြိုးပမ်း တည်ဆောက်လျက်ရှိသည်။

ခေတ်အဆက်ဆက် နိုင်ငံတော်ကို စွန့်လွှတ်စွန့်စား ကာကွယ်စောင့်ရှောက်လာခဲ့သော တပ်မတော်သည် ယနေ့ကာလတွင်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုသာမက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် စွမ်းစွမ်းတမံပါဝင် ထမ်းဆောင်လျက်ရှိသည်။ နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးလာမည့် အန္တရာယ်ဟူသမျှကိုလည်း ပြည်သူတို့နှင့်အတူ လက်တွဲ၍ ချေမှုန်းလျက်ရှိသည်။ ရှေ့ဆက်၍လည်း နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို ဆက်လက်ထမ်းရွက်သွားမည်သာဖြစ်သည်။

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အတွက် ချမှတ်ထားသည့် ဦးတည်ချက်များတွင်-

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်း ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး၊

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့် အတူ လက်တွဲချေမှုန်းရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး

တာဝန်များကို တွေ့ရသည်။

အဆိုပါဦးတည်ချက်များသည် တပ်မတော်သားများ အပါအဝင် နိုင်ငံသားတိုင်းက အလေးအနက်ထား၍ ထမ်းဆောင်သွားကြရမည့် အမျိုးသားရေးတာဝန်များပင်ဖြစ်သည်။

သို့ဖြစ်ရာ ခေတ်အဆက်ဆက် နိုင်ငံနှင့် လူမျိုးအကျိုးစီးပွားအတွက် အသက်သွေး၊ ချွေးပေါင်းများစွာစွန့်လွှတ်စွန့်စား၍ ကာကွယ်စောင့်ရှောက်လာခဲ့သော မျိုးချစ်တပ်မတော်သည် တပ်မတော်၏ အစဉ်အလာကောင်းများကို သားစဉ်မြေးဆက်တိုင်အောင် လက်ဆင့်ကမ်းသယ်ဆောင်ရင်း မျက်မှောက်ကာလ သမိုင်းပေးတာဝန်များကိုလည်း တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲ၍ ဆတက်ထမ်းပိုး ကြိုးပမ်းထမ်းဆောင် သွားနိုင်မည်သာဖြစ်ကြောင်း (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုရေးသား တင်ပြလိုက်ရပါသည်။ ။

မော်ကွန်းသစ္စာ

(၁)

* နွေသို့ရောက်လျှင်၊ ပြည်သူ့ရင်မှာ
ပွဲတင်လှိုင်းထပ်၊ တလှပ်လှပ်ဖြင့်
မတ်လသရုပ်၊ အတ္တုပ္ပတ္တိ
ပြန်၍ကြည့်သော်၊ မိခင်နိုင်ငံ
လွတ်လပ်ရန်တွက်၊ ယုံကြည်ချက်ဖြင့်
ဖက်ဆစ်တော်လှန်ရေး၊ အသက်ပေးပြီး
သွေးနှင့်ပေးဆပ်၊ မတ်နှစ်ဆယ့်ခွန်
ရက်မြတ်မွန်မှ၊ မြန်မာ့တပ်မတော်
ဖြစ်ပေါ်ခဲ့သည်၊ တိုင်တည်သစ္စာ
ဤကဗျာဖြင့်၊ ခိုင်မာမော်ကွန်း ညွှန်းညွှန်းတည်း။

(၂)

* စစ်တိုင်း(၇)တိုင်း၊ ပိုင်းခြားသတ်မှတ်
တပ်တွေဖွဲ့စည်း၊ အသီးသီးပင်
စစ်မြေပြင်ထွက်၊ ချီတက်တိုက်ခိုက်
လိုက်လံချေမှုန်း၊ တစ်ပြည်လုံးတွင်
စစ်ရှုံးရန်သူ၊ အလံဖြူပြ
လက်နက်ချသူ၊ ကျဆုံးလူနှင့်
ပျောက်သူများဖြင့်၊ စာရင်းဖွင့်သော်
နှစ်သောင်းကျော်မျှ၊ ရှိခဲ့ကြသည်
ပြည်သူနှင့်တပ်၊ ပေါင်းစပ်ညီညွတ်
လွတ်လပ်ရေးအတွက်၊ ဦးတည်ချက်ဖြင့်
ဖက်ဆစ်တော်လှန်ရေး၊ သွေးဖြင့်ရင်းနှီး
ကမ္ပည်းမော်ကွန်း၊ ဖော်ညွှန်းသစ္စာ
ဤကဗျာသည်၊ ကမ္ဘာတည်မျှ ခိုင်ခိုင်တည်း။

(၃)

* ဆိုရပါသော်၊ တပ်မတော်၏
ဖြစ်ပေါ်ဖွဲ့စည်း၊ ခရီးလမ်းကြောင်း
ပြန်ပြောင်းကြည့်လျှင်၊ ပြည်သူ့ရင်မှာ
ပွဲတင်လှိုင်းထပ်၊ တလှပ်လှပ်တည့်
မတ်နှစ်ဆယ့်ခွန်၊ ရက်မြတ်မွန်မှ
လမ်းညွှန်ရှေးရှု၊ ဦးတည်မှုသည်
ပြည်သူ့အကျိုး၊ သယ်ပိုးထမ်းဆောင်
ဂုဏ်ရောင်ရှန်းလက်၊ စဉ်ဆက်ခံယူ
ပြည်သူတို့နှင့်အတူတည်း။ ။

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက် ...

ကေတုနီလာ

အင်တာနက်သတင်းများ



တူရကီ နိုင်ငံ အန်ကာရာ မြို့ရှိ နက္ခတ္တဗေဒ လေ့လာရေး ဌာနတွင် လုပ်ကိုင်နေသည့် သုတေသီ တစ်ဦးကို မတ် ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျပန် အီလက်ထရွန်းနစ် ထုတ်ကုန်ကုမ္ပဏီများ ရုပ်မြင်သံကြားဈေးကွက်ရရန် ထိုးဖောက်

တိုကျို မတ် ၂၁

ဂျပန်နိုင်ငံရှိ အီလက်ထရွန်းနစ် လူသုံးကုန်ပစ္စည်း ထုတ်လုပ်ရေး ကုမ္ပဏီများသည် လွန်ခဲ့သည့်ငါးနှစ်ခန့်က အမြတ်ငွေကျဆင်းသည့် ပြဿနာများနှင့် ရင်ဆိုင်ခဲ့ကြသည်။ အာရှရှိ ဂျပန်နိုင်ငံ၏ ပြိုင်ဘက်ကုမ္ပဏီများက အီလက်ထရွန်းနစ် ဈေးကွက်အတွင်းသို့ ပိုမိုထိုးဖောက်ဝင်ရောက်လာမှုနှင့် အတူ ဂျပန်အီလက်ထရွန်းနစ် ကုန်ပစ္စည်းထုတ်လုပ်ရေး ကုမ္ပဏီများမှာ အမြတ်အစွန်းရရှိမှု လျော့နည်းသည်ထက် လျော့နည်းသွားသည့်အဖြစ်နှင့် တွေ့ကြုံကြရသည်။

သို့ရာတွင် ယနေ့မျက်မှောက်ကာလတွင်မူ ဂျပန် အီလက်ထရွန်းနစ် ကုမ္ပဏီများအတွက် ကယ်တင်ရှင်ကို တွေ့လိုက်ကြရသည်။ ယင်းမှာ Flat-panel TV ရုပ်မြင်သံကြားစက်များပင်ဖြစ်တော့သည်။

ဂျပန်နိုင်ငံရှိ ပန်နာဆိုးနစ်၊ ရှပ်နှင့် ဆိုနီကဲ့သို့သော ထိပ်တန်းကုမ္ပဏီများ သည် ရုပ်မြင်သံကြားစက်ဈေးကွက်ကို တစ်ခေတ်ပြောင်းစေမည့် Flat-panel TV ရုပ်မြင်သံကြားစက်သစ်ဖြင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်လျက်ရှိပြီး ကမ္ဘာ့ပြည်သူများ၏ နှစ်ခြိုက်မှုရရှိသော အီလက်ထရွန်းနစ် ထုတ်ကုန်ပစ္စည်းများအဖြစ်သို့ ရေပန်းစားလာနေသည်။

မတ် ၂၉ရက်တွင် လုံးဝနေကြတ်မည် သုတေသီများ လေ့လာရန်ပြင်ဆင်

ဝီလီယံစတောင်း (မက်ဆာချူးဆက်) မတ် ၂၀

လာမည့်မတ်လ ၂၉ရက်တွင် ဥရောပဒေသတစ်ဝန်းတွင် လုံးဝနေကြတ်ခြင်းဖြစ်ပေါ်မည်ဖြစ်ရာ နိုင်ငံတကာရှိ နက္ခတ္တဗေဒပညာရှင်များက နေကြတ်သည့်ဖြစ်ရပ်ကို လေ့လာစောင့်ကြည့်ရန် ပြင်ဆင်လျက်ရှိကြသည်။

ကမ္ဘာတစ်ဝန်းရှိ နက္ခတ္တဗေဒနှင့် ရူပဗေဒဌာနများမှ သုတေသီများသည် လုံးဝနေကြတ်သည့်ဖြစ်စဉ်ကို ဂရိဒိုဒီကန်နိစ်ဒေသ ရိုဒီကျွန်းစုအရှေ့ပိုင်းရှိ ကျွန်းငယ်လေးဖြစ်သော ကာစတယ်လိုရီဇိုကျွန်းပေါ်မှ လေ့လာစောင့်ကြည့်ရန်ပြင်ဆင်ထားသည်။

ဥရောပတိုက်၏ အရှေ့ဖျားအစွန်းတွင် တည်ရှိသော ဆိုက်ပရပ်စ်ကျွန်းမှ တစ်ဖက်တစ်ချက်ရှိ ကာစတယ်လိုရီဇိုကျွန်းသည် နေကြတ်မှုကို လေ့လာစောင့်ကြည့်ရန် အကောင်းဆုံးနေရာ တစ်နေရာဖြစ်ပြီး နက္ခတ္တဗေဒလေ့လာရေး သုတေသီများသည် ယင်းကျွန်းသို့ စုဝေးရောက်ရှိမည်ဟု မျှော်လင့်ရသည်။

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် ဝီလီယံစတောင်းမြို့ရှိ ဝီလီယံကောလိပ်မှ သုတေသီများသည် နေကြတ်မှုကို မှတ်တမ်းတင်နိုင်ရန် ကာစတယ်လိုရီဇိုကျွန်းသို့ ရက်သတ္တတစ်ပတ် ကြိုတင်၍သွားရောက်မည်ဖြစ်ပြီး သိပ္ပံကိရိယာတန်ဆာပလာများကို တပ်ဆင်ခြင်းနှင့် စမ်းသပ်ခြင်းများ ပြုလုပ်မည်ဖြစ်သည်။

ဘရာဇီးနိုင်ငံအရှေ့ပိုင်းအစွန်း အမှတ်အသားပြုရာဒေသတွင် မတ် ၂၉ရက် အရုဏ်တက်ချိန်၌ နေကြတ်မှု စတင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် အတ္တလန္တိတ်သမုဒ္ဒရာဒေသတစ်ဝန်း၊ အာဖရိကအနောက်ပိုင်းနှင့် မြောက်ပိုင်းဒေသ၊ မြေထဲပင်လယ်ဒေသနှင့် ကာစတယ်လိုရီဇိုကျွန်းတို့မှနေ၍ နေကြတ်မှုကိုတွေ့မြင်ရမည်ဖြစ်သည်။ ကာစတယ်လိုရီဇိုကျွန်းသည် တူရကီပင်လယ်ကမ်းရိုးတန်းမှ နှစ်မိုင်ခန့်အကွာတွင် တည်ရှိသည်။

တူရကီနိုင်ငံ အလယ်ပိုင်းဒေသတွင် နေကြတ်မှုကို တွေ့မြင်ခွင့်ရရှိပြီးနောက် အာရှအလယ်ပိုင်းဒေသတစ်ဝန်းတွင် လုံးဝနေကြတ်မှုဖြစ်စဉ်ကို ကြည့်ရှုလေ့လာနိုင်ပြီး မွန်ဂိုလီးယားနိုင်ငံ အနောက်မြောက်ပိုင်းတွင် နေဝင်မည်ဖြစ်သည်။ ***အင်တာနက်။***

ယခုအခါ ကမ္ဘာတစ်ဝန်းရှိ သန်းပေါင်းများစွာသော သုံးစွဲသူတို့က ကက်သုတ်ရောင်ခြည်သုံး ရုပ်သံကြားစက်များ၏နေရာတွင် Flat-panel TV ရုပ်မြင်သံကြားစက်သစ်များကို အစားထိုးသုံးစွဲလာကြရာ စနစ်သစ် ရုပ်မြင်သံကြားစက်များထုတ်လုပ်သည့် ဂျပန်ကုမ္ပဏီများ လုပ်ငန်းများပြန်လည်တိုးတက်လာသည်။

ရုပ်မြင်သံကြားဖွင့်စက်များ၏ ဖန်သားပြင် ပိုမိုကြီးမားလာလေလေ၊ မိမိတို့အတွက် အကျိုးအမြတ်များ ပိုမိုရရှိလာလေလေဖြစ်ကြောင်း ပန်နာဆိုးနစ်ကုမ္ပဏီမှ အရောင်းမြှင့်တင်ရေးမှူးတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

ပြည်ပ အားကစားသတင်းများ

မတ် ၂၂ရက်က ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအကြို ချစ်ကြည်ရေး ခြေစမ်းပွဲတွင် ဂျာမနီနိုင်ငံအသင်းမှ မိုက်ကယ်ဘောလက်က အမေရိကန်နိုင်ငံအသင်းမှ ပါဘလိုမာစတိုယန်နီ၏ ကိုယ်ပေါ်မှ ကျော်လွှား၍ ဘောလုံးကို သယ်ယူရန် ကြိုးပမ်းစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အကြိုခြေစမ်းပွဲ ဂျာမနီအသင်းက အမေရိကန်အသင်းကို အနိုင်ရ

ဒေါ့မွန်း(ဂျာမနီ) မတ် ၂၃

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအကြို နိုင်ငံတကာ ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် ဂျာမနီနိုင်ငံအသင်းနှင့် အမေရိကန်နိုင်ငံအသင်းတို့ ဂျာမနီပြည်နယ် ဒေါ့မွန်းမြို့တွင် ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားရာ ဂျာမနီနိုင်ငံအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ယခုပွဲတွင် ဂျာမနီနိုင်ငံအသင်း အနိုင်ရရှိခြင်းဖြင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ယင်းအသင်းအတွက် စိတ်ဓာတ်ရေးရာအရ အားတက်စရာဖြစ်သည်။

ဂျာမနီနိုင်ငံအသင်းအတွက် လေးဂိုးစလုံးကို ဒုတိယပိုင်းအတွင်း ဆက်တိုက်သွင်းယူနိုင်ခဲ့သည်။

ပွဲချိန် ၄၆မိနစ်တွင် အစားထိုးဝင်ရောက်လာသူ ဘက်စ်ရှန်ရှဝင်းစတင်းဂါးက လူစားလဲပြီးနောက် စက္ကန့်ပိုင်းအတွင်းမှာပင် ဂျာမနီနိုင်ငံအသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။

ဂျာမနီနိုင်ငံအသင်းသည် ခြောက်မိနစ်အတွင်း သုံးဂိုးဆက်တိုက် သွင်းယူခဲ့သည်။ ပွဲချိန် ၇၃ မိနစ်တွင် အိုလီဗာနျူဗီးလ်က မြေနှင့်ထိပြီးပြီးချင်း ပြန်ကန်လိုက်သည့် ဘောလုံးမှတစ်ဆင့် ဂိုးသွင်းနိုင်ခဲ့သည်။

ဂျာမနီနိုင်ငံအသင်းအတွက် တတိယမြောက်ဂိုးကို ကလော့စ်ကသွင်းယူသည်။ အမေရိကန်နိုင်ငံအသင်းတွင် ဥရောပအခြေစိုက် ဘောလုံးသမားများ ပါဝင်ခြင်းမရှိပေ။

ယင်းနောက်တွင် ဂျာမနီနိုင်ငံအသင်းအတွက် စတုတ္ထမြောက်ဂိုးကို ကလော့စ်ဖြတ်ပို့ပေးသော ဘောလုံးမှတစ်ဆင့် မိုက်ကယ်ဘောလက်က သွင်းယူခဲ့သည်။ ပွဲပြီးရန် ငါးမိနစ်အလိုတွင် ချာရွန်ဒိုလိုက အမေရိကန်နိုင်ငံအသင်းအတွက် ချေပဂိုးတစ်ဂိုး သွင်းယူခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

နယူးကာဆယ်လ်အသင်းကို ချယ်လ်ဆီးအနိုင်ရ အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲသို့တက်လှမ်း

လန်ဒန် မတ် ၂၃

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင်ရော အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွင်ပါ ဆုဖလားများရရှိရန် ဦးတည်ကြိုးပမ်းနေသည့် ချန်ပီယံချယ်လ်ဆီးအသင်းသည် ဗုဒ္ဓဟူးနေ့က ကျင်းပသောပွဲတွင် နယူးကာဆယ်လ် ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ပွဲချိန် ၄ မိနစ်မျှသာရှိနေသေးချိန်တွင် ဂိုးသွင်းနိုင်ခဲ့သည်။ ဒမ်မီယန်ဒပ်ဖ်က ထောင့်ကန်ဘောကန်သွင်းပြီးနောက် ပယ်နယ်တီဧရိယာတွင်ရှိနေသော ဂျွန်တယ်ရီက နယူးကာဆယ်လ် ယူနိုက်တက်အသင်း၏ နောက်တန်းလူတစ်ဦးကိုကျော်ကာ ဂိုးသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။

နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း ပထမဆုံးအကြိမ် ဆုဖလားရရှိရန် ကြိုးပမ်းနေသော နယူးကာဆယ်လ်အသင်းသည် ထိုးဖောက်ကစားနိုင်ရန် စဉ်ဆက်မပြတ် ကြိုးပမ်းနေခဲ့သော်လည်း ဂိုးသွင်းနိုင်ရန် အခွင့်အလမ်းများကို ပီပီပြင်ပြင် ဖန်တီးနိုင်ခြင်းမရှိခဲ့ပေ။ နယူးကာဆယ်လ်အသင်းမှ ရော်ဘီအီလွိုက်သည် ပွဲချိန် ၆ မိနစ်တွင် ထုတ်ပယ်ခံခဲ့ရသည်။

လီဗာပူးအသင်းသည် ဘာမင်ဂမ်စီးတီးအသင်းကို အင်္ဂါနေ့က ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသည်။ ဝက်စ်ဟမ်းယူနိုက်တက်အသင်းသည်လည်း မန်ချက်စတာစီးတီးအသင်းကို တနင်္လာနေ့က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသည်။ ချာလ်တန်အသင်းသည် ကြာသပတေးနေ့တွင် မစ်ဒယ်ဘရော့အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်ကို သောကြာနေ့တွင် စတင်မည်ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ထူးခြားသည့် နေ့အပူချိန်များ

(၂၃-၃-၂၀၀၆)

မုံရွာ၊ မင်းဘူး၊ မကွေး၊
အောင်လံနှင့် ရွှေကျင်
၄၀ ဒီဂရီစင်တီဂရိတ်
(၁၀၄ဒီဂရီဖာရင်ဟိုက်)

မီးသုံးစွဲလျှင် အသိယှဉ်
ဆင်ခြင်သတိ အမြဲရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မုံရွာစက်မှုဇုန်ရှိ သံရည်ကျို စက်ခုတ်စားပုံလောင်းပုံဖိစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံသည် တစ်နှစ်လျှင်လက်တွန်းထွန်စက် အစီး[...] စပါးရိတ်စက် အစီးငါးထောင်ကို ထုတ်လုပ်နိုင်ပြီး ရည်မှန်းချက်များနှင့်အညီ ထု[...]

❍ ရွှေဖုံးမှ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ၏ ခြစ်စည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

အစီအစဉ်အရ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးက ခြစ်စည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီး မန္တလေးတိုင်းအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်တို့က ခြစ်စည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ခြစ်စည်းရိုးကြက်ဆူမျိုးစေ့များကို ပျိုးအိတ်များ၌ ထည့်သွင်းပျိုးထောင်ပေးကြပြီး ခြစ်စည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးမှ ဝန်ထမ်းများ၊ ပြည်သူများ၏ ခြစ်စည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးမှုများကို လိုက်လံကြည့်ရှု အားပေးကြသည်။

ယနေ့အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ပြည်သူများက အိုးစည်ဒိုးပတ်၊အတီးအမှုတ်၊အကအခုန်များဖြင့် ခြစ်စည်းရိုး ကြက်ဆူပင်ခြောက်သောင်းကျော်ကို တပျော်တပါးစုပေါင်းစိုက်ပျိုးကြသည်။

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သက်ကြီးအသင်းဝင်များကလည်း မန္တလေးတိုင်းအတွင်း ခြစ်စည်းရိုးကြက်ဆူပင် ၂၆သန်းကျော်ကို မကြာမီ ဆက်လက်စိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်းသိရှိရသည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခြစ်စည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲကို တက်ရောက်အားပေး ချီးမြှင့်ကြပြီး မော်တော်ယာဉ်များဖြင့် မန္တလေးကန်တော်ကြီးဖွံ့ဖြိုးသာယာလှပရေးဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဧရာဝတီတံတား(ရတနာပုံ)တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြပြီး ရှေးဦးစွာမန္တလေးဘက်ကမ်းချဉ်းကပ်တံတားအနီး ယာဉ်သွားလမ်း အကျယ်ပေ ၄၀စီနှင့်အမြင့်(၁၈ပေခွဲ) စီရှိ ရထားခုံးကျော် Twin Turnel တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မန္တလေးဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြပြီး ချဉ်းကပ်တံတားနှင့် ချဉ်းကပ်လမ်းပုံစံငယ်ကိုကြည့်ရှုစစ်ဆေးရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ချဉ်းကပ်လမ်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် စီမံကိန်း အင်ဂျင်နီယာမှူးကြီးများက ဧရာဝတီတံတား(ရတနာပုံ)ဆိုင်ရာအချက်အလက်များ၊ မန္တလေးဘက်ကမ်းနှင့် စစ်ကိုင်းဘက်လမ်း ချဉ်းကပ်လမ်း၊ ချဉ်းကပ်တံတားတည်ဆောက်ရေးလုပ်ငန်းများ၊ ပင်မတံတားတည်ဆောက်ရေးလုပ်ငန်းများ၊ လုပ်ငန်းကဏ္ဍအလိုက် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးချုပ်က သိလိုသည်များကိုမေးမြန်း၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် မန္တလေးဘက်ကမ်းမှ စစ်ကိုင်းဘက်ကမ်းသို့ ရေယာဉ်ဖြင့်ကူး၍ ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှုများ၊ ရေလယ်ပင်မသံမဏိသံပေါင်ခုံးတံတား တပ်ဆင်တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ မန္တလေးတိုင်းသမဝါယမအသင်းစု၏ နို့ချက်စက်ရုံအတွင်း ထုတ်လုပ်မှုအဆင့်ဆင့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်[...] စက်မှုဇုန်(၂) Foundry Shop [...] မော်တော်ယာဉ်သုံး စက်ပစ္စည်းများ ထု[...]

ယင်းနောက် စစ်ကိုင်းဘက်ကမ်းသို့ ရောက်ရှိကြပြီး ချဉ်းကပ်တံတားတည်ဆောက်ပြီးစီးမှုများ၊ ချဉ်းကပ်လမ်းဖောက်လုပ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရထားလမ်းမြေသားလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများ၊ ရထားကားလမ်းဆုံနေရာတို့၌ တံတားတည်ဆောက်ရန် လျာထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဧရာဝတီတံတား(ရတနာပုံ)၌ ချဉ်းကပ်တံတားများ ကမ်းနှစ်ဖက်စလုံး၌ တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။ တံတားတစ်စင်းလုံးအနေဖြင့် သံပေါင်တပ်ဆင်မှုလုပ်ငန်းစုစုပေါင်း၁၁၂၆မီတာရှိရာ၁၀၅၄မီတာ တပ်ဆင်တည်ဆောက်ပြီးဖြစ်သည်။

ရေလယ်ပင်မ သံမဏိသံပေါင်ခုံးသုံးခုအနက် RP-5 နှင့် RP-6 အကြားရှိ သံပေါင်ခုံးတံတား လုံးဝ တပ်ဆင်ပြီးဖြစ်သည်။ RP-4နှင့် RP-5 အကြား ရှစ်မီတာရှိ အခန်းတစ်ခန်းနှင့် RP-3 နှင့် RP-4 အကြား၌ ရှစ်မီတာရှိ အခန်းရှစ်ခန်းသာ သံပေါင်တပ်ဆင်ရန်ကျန်သည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး မော်တော်ယာဉ်များဖြင့် မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာ၍ တောင်သမန်အင်းပတ်လမ်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မန္တလေးမြို့ ထိန်ကုန်းရပ်တောင်မြင့်ကျေးရွာရှိ မန္တလေးတိုင်းသမဝါယမအသင်းစု၏ နို့ချက်စက်ရုံသို့ရောက်ရှိကြရာ ရှင်းလင်းခန်းမ၌ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက နို့ချက်စက်ရုံ တည်နေရာနှင့် အကျယ်အဝန်း၊ ၁-၆-၁၉၉၂ ရက်တွင် စက်ရုံစတင်လည်ပတ်ခဲ့မှု၊ ဘူးနို့ဆီ ထုတ်လုပ်နိုင်ခဲ့မှုများ၊ မန္တလေးတိုင်း သမဝါယမအသင်းစုနှင့် Myanmar Dairy Industries Ltd. တို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Myanmar Dairy Industries Ltd. ဒါရိုက်တာ ဦးစိုးလင်းက နို့ချက်စက်ရုံ၌ နိုင်ငံတကာအရည်အသွေးမီ နို့ဆီများထုတ်လုပ်နိုင်ရန် စက်ကိရိယာအသစ်များတပ်ဆင်ခဲ့မှု၊ နွားနို့ကုန်ကြမ်းရရှိရေးဆောင်ရွက်ချက်များ၊ အရည်အသွေးကောင်းနို့ဆီ၊ နို့စိမ်း၊ကလေးအာဟာရမှုန့် ထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်တင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံထုတ် နို့ဆီ၊နို့စိမ်းဘူးများ၊ကလေးအာဟာရမှုန့်ထုပ်များကိုလည်းကောင်း၊ နို့ချက်စက်များနှင့် နို့ဆီဘူးထုတ်လုပ်ခြင်းလုပ်ငန်း အဆင့်ဆင့်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် မန္တလေးစက်မှုဇုန်(၂)ရှိ မန္တလေးတော်ဝင် စက်မှုလက်မှုကုမ္ပဏီလီမိတက်၏ သံရည်ကျိုစက်ခုတ်စားပုံလောင်းပုံဖိစက်ရုံသို့ ရောက်ရှိကြပြီး Forging Shop ၌ ပုံလောင်းပုံဖိ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ Foundry Shop ၌စက်များတပ်ဆင်ပြီးစီးမှုနှင့် လယ်ယာသုံးစက်ပစ္စည်းများ၊ မော်တော်ယာဉ်သုံး စက်ပစ္စည်းများ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စက်ရုံက ထုတ်လုပ်ထ[...]
မော်တော်ယာဉ်သုံး စက်ပစ္စည်းများကို[...]
သည့် Air Compressor ကိုလည်းဝေ[...]
ပြသကြသည်။

ဆက်လက်၍ Machine Shop ([...]
နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ [...]
ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ဝင်း[...]
ရှေ့ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမ[...]
ထားမှုများ၊ နိုင်ငံတော်၏ အားပေးပံ့[...]
တင်ပြသည်။

ဆက်လက်၍ မန္တလေးတိုင်း အေး[...]
ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က မန္တ[...]
ပုံလောင်းပုံဖိစက်ရုံအတွက် ကူညီဆော[...]
စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးန[...]
ဗိုလ်ချုပ်သာအေးက မုံရွာစက်မှုဇုန်ရှိ [...]
ပုံဖိစက်ရုံနှင့် စပ်လျဉ်းသည်များကို လ[...]
အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြ[...]

လည်း ရှင်းလင်းတင်ပြသည်။ ထို့နောက်[...]
အောင်မြင်လာမှုများကို မြင်တွေ့ရသဖြ[...]
အောင်မြင်မှုများရရှိအောင် ကြိုးပမ်းကြ[...]

မန္တလေးစက်မှုဇုန်ရှိ သံရည်ကျိုစက်[...]
လယ်ယာသုံးစက်ကိရိယာ ပစ္စည်းများအ[...]
မော်တော်ယာဉ်စက်ပစ္စည်း အစိတ်အပိုင်[...]
စုစုပေါင်း စက်ပစ္စည်းအမျိုးအမည်(အ[...]
ထုတ်လုပ်ပေးလျက်ရှိသည်။ ထို့ပြင် [...]
၇၀ရာခိုင်နှုန်းကို ကိုယ်တိုင်ထုတ်လုပ်[...]
Air Compressor တစ်ခုလုံးကို ထ[...]
ရှိကြောင်း သိရှိရသည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် [...]
အင်းကုန်းကျေးရွာအနီးရှိ စက်မှုလယ်[...]
စက်ကိရိယာစက်ရုံသို့ ရောက်ရှိကြရာ [...]
ဦးဝင်းမော်က စက်ရုံနှင့်စပ်လျဉ်းသ[...]
(၁၆)လက်တွန်းထွန်စက် ထုတ်လုပ်နိုင်[...]
ထုတ်လုပ်ရေးစီစဉ်ဆောင်ရွက်လျက်ရှိသ[...]
ကူးပြောင်းနိုင်ရေးအတွက် စက်မှုလယ်[...]
လျက်ရှိသည့်အခြေအနေများကို ရှင်းလ[...]

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်[...]
သို့ သွားရောက်၍ အလုပ်ရုံက ထုတ်လုပ်[...]
ထွန်စက်၏ Engine နှင့် Gear Box အ[...]

ဆက်လက်၍ လယ်ယာ(၁၆)လက[...]
အပိုင်းများကို စက်ခုတ်စားနေမှုများ၊ လ[...]
နေမှုနှင့် အင်ဂျင်များစက်နှိုးစမ်းသပ်နေ[...]

ထို့နောက် အမှတ်(၂)အလုပ်ရုံ၌ [...]
များ၏ အကြံပြုချက်အရ ပိုမိုတောင့်တင်[...]

…တွန်းထွန်စက် အစီးတစ်သောင်းနှင့် …က်များနှင့်အညီ ထုတ်လုပ်လျက်ရှိ

ထို့နောက် စက်ရုံက ထုတ်လုပ်ထားသည့် လယ်ယာသုံးစက်ပစ္စည်းများ၊ မော်တော်ယာဉ်သုံး စက်ပစ္စည်းများကိုလည်းကောင်း၊ တီထွင်ထုတ်လုပ်ထားသည့် Air Compressor ကိုလည်းကောင်း တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ Machine Shop (2) ရှိ စက်ပစ္စည်းများနှင့် စက်ခုတ်စားနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ မန္တလေးတော်ဝင် စက်မှုလက်မှုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က စက်ရုံ၏ လက်ရှိအခြေအနေ၊ ရှေ့ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ မတည်ရင်းနှီး မြှုပ်နှံထားမှုများ၊ နိုင်ငံတော်၏ အားပေးပံ့ပိုးဖြည့်ဆည်းမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က မန္တလေးစက်မှုဇုန်ရှိ သံရည်ကျိုစက်ခုတ်စား ပုံလောင်းပုံဖိစက်ရုံအတွက် ကူညီဆောင်ရွက်ပေးမှုများကို လည်းကောင်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက မုံရွာစက်မှုဇုန်ရှိ သံရည်ကျိုစက် ခုတ်စား ပုံလောင်းပုံဖိစက်ရုံနှင့် စပ်လျဉ်းသည်များကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ မန္တလေး စက်မှုဇုန်(၂) Foundry Shop ၌ လယ်ယာသုံးစက်ပစ္စည်းများ၊ မော်တော်ယာဉ်သုံး စက်ပစ္စည်းများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လည်း ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးချုပ်က စက်ရုံ၏ဖွံ့ဖြိုးတိုးတက်အောင်မြင်လာမှုများကို မြင်တွေ့ရသဖြင့် ဝမ်းမြောက်ကြောင်းနှင့် ယခုထက်အောင်မြင်မှုများရရှိအောင် ကြိုးပမ်းကြရန် မှာကြားသည်။

မန္တလေးစက်မှုဇုန်ရှိ သံရည်ကျိုစက်ခုတ်စား ပုံလောင်းပုံဖိစက်ရုံအနေဖြင့် လယ်ယာသုံးစက်ကိရိယာ ပစ္စည်းများအနက် ၈၂ရာခိုင်နှုန်းခန့်ကိုလည်းကောင်း၊ မော်တော်ယာဉ်စက်ပစ္စည်း အစိတ်အပိုင်း ၁၈ ရာခိုင်နှုန်းခန့်ကိုလည်းကောင်း စုစုပေါင်း စက်ပစ္စည်းအမျိုးအမည်(အမယ်) ၆၃မျိုးကို အဆင့်အတန်းမီစွာ ထုတ်လုပ်ပေးလျက်ရှိသည်။ ထို့ပြင် Air Compressor တစ်ခုလုံး၏ ၇၀ရာခိုင်နှုန်းကို ကိုယ်တိုင်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်းနှင့် ဆက်လက်၍ Air Compressor တစ်ခုလုံးကို ထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာအနီးရှိ စက်မှုလယ်ယာဦးစီးဌာန၏ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က စက်ရုံနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ လယ်ယာ(၁၆)လက်တွန်းထွန်စက် ထုတ်လုပ်နိုင်မှုများ၊ စပါးရိတ်သိမ်းခြွေလှေ့စက် ထုတ်လုပ်ရေးစီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံ၏ အမှတ်(၁)အလုပ်ရုံသို့ သွားရောက်၍ အလုပ်ရုံက ထုတ်လုပ်ထားသည့် လယ်ယာ(၁၆)လက်တွန်းထွန်စက်၏ Engine နှင့် Gear Box အစိတ်အပိုင်းများကို ကြည့်ရှုကြသည်။

ဆက်လက်၍ လယ်ယာ(၁၆)လက်တွန်းထွန်စက်၏ စက်ပစ္စည်းအစိတ်အပိုင်းများကို စက်ခုတ်စားနေမှုများ၊ လက်တွန်းထွန်စက်အင်ဂျင်များ တပ်ဆင်နေမှုနှင့် အင်ဂျင်များစက်နှိုးစမ်းသပ်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အမှတ်(၂)အလုပ်ရုံ၌ လယ်ယာ(၁၆)မူလပုံစံနှင့် တောင်သူများ၏ အကြံပြုချက်အရ ပိုမိုတောင့်တင်းခိုင်ခံ့စေရန် မွမ်းမံထုတ်လုပ်ထားသည့် အစိတ်အပိုင်းများ၊ အလုပ်ရုံ၏ စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ဒေသအသီးသီးသို့ လယ်ယာ(၁၆)လက်တွန်းထွန်စက်များ ပေးပို့ရန် စီစဉ်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလုပ်ရုံအမှတ်(၃) လုပ်ငန်းများကိုလည်းကောင်း၊ အမာသတ္တုမြှင့်တင်ရေးအလုပ်ရုံ (Heat Treatment Shop) ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် သံရည်ကျိုအလုပ်ရုံ၌လယ်ယာ(၁၆)လက်တွန်းထွန်စက်၏ စက်ပစ္စည်းအစိတ်အပိုင်းများ သံရည်ကျို သွန်းလောင်းနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် စက်ရုံအတွင်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည့် အလျားမီတာ ၁၂၀၊ အနံမီတာ ၃၀ရှိ စပါးရိတ်သိမ်းခြွေလှေ့စက် (Combine Harvester) အလုပ်ရုံနှင့် အလုပ်ရုံက ထုတ်လုပ်သွားမည့် စပါးရိတ်သိမ်းခြွေလှေ့စက်နမူနာများကို ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံသည် တစ်နှစ်လျှင် လယ်ယာ(၁၆) လက်တွန်းထွန်စက် အစီးတစ်သောင်းနှင့် စပါးရိတ်စက်အစီး ငါးထောင်ထုတ်လုပ်နိုင်သည့် စက်ရုံဖြစ်ပြီး ရည်မှန်းချက်များနှင့်အညီ စက်များကို ထုတ်လုပ်လျက်ရှိသည်။

ထို့ပြင် တစ်နှစ်လျှင် စပါးရိတ်သိမ်းခြွေလှေ့စက်အစီး ၃၀၀၀ထုတ်လုပ်သွားနိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးမြို့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်စခန်းရုံးတွင် ခြစ်စည်းရိုးကြက်ဆူပင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

အိန္ဒိယ (ကြည်း)တပ်မတော် လေ့လာရေးအဖွဲ့ရောက်ရှိ

ရန်ကုန် မတ် ၂၃

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယ (ကြည်း) တပ်မတော် Army Higher Command Course မှ Brig Gen, HH Mahajam, YSM ခေါင်းဆောင်သောအဖွဲ့ဝင် ၁၃ ဦးတို့ ပါဝင်သည့် လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက်၉ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

အဆိုပါ အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယ (ကြည်း)တပ်မတော် Army Higher Command Course မှ Brig Gen, HH Mahajam, YSM ခေါင်းဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့ဝင်များအားနိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးမှ ဗိုလ်မှူးကြီးမောင်မောင်သစ်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Col. J.S Chopra နှင့် သံရုံးအဖွဲ့ဝင် များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

မလေးရှားတပ်မတော်လေ့လာရေးအဖွဲ့ရောက်ရှိ

ရန်ကုန် မတ် ၂၃

မလေးရှားနိုင်ငံ မလေးရှားတပ်မတော် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ဒုတိယကျောင်းအုပ်ကြီး Captain Abdul Aziz Mohd Dom ခေါင်းဆောင်သော အဖွဲ့ဝင် ၅၅ ဦးတို့ပါဝင်သည့် လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

အဆိုပါ လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးမှ ဗိုလ်မှူးကြီး မောင်မောင်သစ်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံရုံးမှ စစ်သံမှူး Col Hj. Abbas Bin Hj. Mat နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄–၃–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၇း၅၅ ၆။ အတီးပြိုင်ပွဲ
- ၈း၀၅ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈း၁၅ ၈။ အကပြိုင်ပွဲ
- ၈း၂၀ ၉။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၃၀ ၁၀။ International News.
- ၈း၄၅ ၁၁။ English for Everyday Use
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ(၂၀၀၅)ခုနှစ်
- ၄း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅း၀၀။ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅း၁၀ ၆။ **"ဆွေမျိုးတော်ပေမယ့်" (ဒုရဲမှူး တင်လင်း၊ ဆောင်းအိန္ဒြေထွန်း၊ဇေဒါ) (ဒါရိုက်တာ–သက်တင်)**
- ၅း၁၅ ၇။ (၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၂၅ ၈။ (၂၀၀၆)ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ဆိုင်ရာ သိကောင်းစရာ
- ၅း၃၅ ၉။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်မေတ္တာ"(အပိုင်း–၁၆)**
- ၇း၄၀ ၁၃။ ပြည်သူ့အတွက်တပ်မတော် (ကျန်းမာရေး၊သိပ္ပံနည်းပညာ၊ မှုးယစ်၊ပညာရေး)
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **ရုပ်မြင်သံကြားဇာတ်လမ်း "သားကောင်းမိခင်"(အပိုင်း–၂) (လွင်မိုး၊ဇင်ဝိုင်း၊နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း (Examplez)၊ စိုးမြတ်သူဇာ၊မေသဉ္ဇာဦး၊ပန်းဖြူ၊ သက်မွန်မြင့်၊ပုလဲဝင်း) (ဒါရိုက်တာ–ပန်းချီစိုးမိုး)**
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီအိပ်မက်"(အပိုင်း–၁၈)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

မလေးရှားနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ရောက်ရှိ

ရန်ကုန် မတ် ၂၃

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ဖိတ်ကြားချက်အရမလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Dato Seri Syed Hamid Albar ဦးဆောင်သော မလေးရှားကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃နာရီခွဲတွင် လေကြောင်းခရီးဖြင့်ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီး ရောက်ရှိလာကြသည်။

ဧည့်သည်တော် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှား နိုင်ငံသံအမတ်ကြီး မစ္စတာ မိုဟာမက်ဆွမ်နှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(အောက်ပုံ)

ထို့နောက်ညနေ၅နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Dato Seri Syed Hamid Albar ဦးဆောင်သော မလေးရှားကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ သံတမန်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဓိဇဝါရိပ်သာ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီး ဌာနဝန်ကြီးဦးဉာဏ်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှား နိုင်ငံသံအမတ်ကြီး မစ္စတာမိုဟာမက်ဆွမ်နှင့် သံရုံးမှတာဝန်ရှိသူများတက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီး ဌာနဝန်ကြီး ဦးဉာဏ်ဝင်းသည် ဧည့်သည်တော်မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဆောင်သောမလေးရှား ကိုယ်စားလှယ်အဖွဲ့အား ကုန်သည်ကြီးများဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။ (သတင်းစဉ်)

ဓမ္မဝိဟာရကျောင်းတိုက် သင်္ကြန်ငါးရက်တရားစခန်း

ရန်ကုန် မတ် ၂၃

သဃ်န်းကျွန်းမြို့နယ်၊ (င/က) ရပ်ကွက်၊ ဓမ္မဝိဟာရပထမကျော်စာသင်တိုက်နှင့်ဓမ္မရိပ်သာ ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဂရုဝံသ (ပထမကျော်၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ဝိနိယပါဠိပါရဂူ၊ ဝိနယ၊ ဒီဃ၊ မဇ္ဈိမ၊ အဘိဓမ္မဝိဒူ၊ ပိဋကတ်တစ်ပုံဆောင်) က ပဋိစ္စသမုပ္ပါဒ် သင်တန်းနှင့်သစ္စာလေးပါး တရားတို့ကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့)မှ ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်း တစ်ရက်နေ့) အထိ ဟောကြားမည်ဖြစ်သည်။

တရားစခန်း ဝင်လိုသူများသည် ဖုန်း–၅၆၂၃၃၃ သို့ ဆက်သွယ်စာရင်းပေးသွင်း၍ ဧပြီ ၁၂ရက်ညနေ ၄နာရီအရောက် လာရမည်ဟု သိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄–၃–၂၀၀၆ (သောကြာနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ ပြည်သူ့အတွက်ကျန်းမာရေး (အရိုးကျီးပေါင်း တက်ရောဂါမေးမြန်းခန်း)
- ၇း၂၀ တေးဂီတအစီအစဉ်
- ၇း၂၅ သဘာဝအလှများစုဝေးရာ ပူတာအိုမြို့
- ၇း၃၀ ပြည်တွင်းသတင်းအကျဉ်း
- ၇း၄၀ တေးဂီတအစီအစဉ်
- ၇း၄၅ အိမ်ထောင်စုလူဦးရေစာရင်းနှင့်ပတ်သက်၍ သိကောင်းစရာ
- ၇း၅၅ Myanmar Video Rhythm
- ၈း၄၅ နိုင်ငံတကာ သတင်းအကျဉ်း
- ၈း၅၀ တည်ဆောက်ရေးအတွက် မျက်နှာပန်းလှသည့် ထုတ်ကုန် သရက်ဘိလပ်မြေစက်ရုံ
- ၉း၀၅ တေးဂီတအစီအစဉ်
- ၉း၁၀ ဗိုလ်မြတ်ထွန်းတံတား
- ၉း၂၀ တေးဂီတအစီအစဉ်
- ၉း၂၅ ဟန်ဆောင်ကာမူပို (စည်သူ မောင်၊ရတနာပုံ)
- ၉း၄၀ မိုးလေဝသခန့်မှန်းချက်
- ၉း၄၅ ပေါင်းမြက်များကို ထိရောက်စွာကာကွယ် နှိမ်နင်းနည်းများ
- ၁၀း၁၅ တေးဂီတအစီအစဉ်
- ၁၀း၂၀ ချည်မျှင်ရှည်ဝါအထွက်တိုး နည်းပညာ
- ၁၀း၃၀ တေးဂီတအစီအစဉ်
- ၁၀း၃၅ အာဟာရနှင့် ကျန်းမာရေး
- ၁၁း၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၂၀ အလွမ်းချိုချို (မျိုးစန္ဒီကျော်၊ရန်ပိုင်စိုး၊ ဇင်မျိုး)
- ၁၁း၃၅ တေးဂီတအစီအစဉ်
- ၁၁း၄၀ နိုင်ငံတကာ သတင်းအကျဉ်း
- ၁၁း၄၅ တေးဂီတအစီအစဉ်
- ၁၁း၅၀ ဇော်ဂျီရေထိန်းဆည်
- ၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါ ဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှလူသို့ ကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ ၁၄ နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ ၃၀ စုစုပေါင်း ၄၄နိုင်ငံတွင် ပြန့်နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၉၆ ဦး အသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏ အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှု အချို့ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှတစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ဆေးထိုးထားသော ကြက်များတွင် အခြားရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါမြို့နယ် လေးမြို့နယ်တွင် တားမြစ်ဇရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများ ပိတ်ခြင်းနှင့် ကြက်ဘဲမွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၄။ ကြက်များတွင်ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များရုတ်တရက် သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှုခက်ခဲခြင်း၊ မျက်ရည်နှင့် နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက် အပြောက်များ ပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ်သေဆုံးနိုင်ခြင်း။

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိချင်း နီးစပ်ရာဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှုဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူးရောင်းချခြင်း (လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင် ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှုမပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက် အတူထားရှိ မွေးမြူမှုမပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးသူငယ်များအား ဝင်ရောက်မှုမပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်း ဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပယိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့် သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်း ဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲ အသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ တိရစ္ဆာန် ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ဂ)ရပ်ကွက် နီလာ(၆)လမ်းနေ ဦးချမ်းကွန်း-ဒေါ်သန်းသန်းရီ၊ သမီး မေသူချမ်း၊ သား ကျော်စည်သူ၊ ဘိုဘိုချမ်းမိသားစုက ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ် ၁၁၅၀၀၀ကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဟသ်ာတအသင်း(ရန်ကုန်) ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် မတ် ၂၃

အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဟသ်ာတမြို့ သပြေပင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥေယျဓမ္မ အရှင်သူမြတ်၊ ဟသ်ာတမြို့၊ ဘိုးသိန်းတန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ အရှင်သူမြတ်နှင့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဟသ်ာတမြို့ မြစ်ကွေ့ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တစန္ဒသိရီအရှင်သူမြတ်တို့အား ဂုဏ်ပြုပူဇော်ပွဲနှင့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ အသင်းဥက္ကဋ္ဌ ဦးစိန်တင့်၊ သုဓမ္မသီဂီဘွဲ့တံဆိပ်တော်ရ အသင်းဝင် ဒေါ်အေးရီတို့အား ဂုဏ်ပြုပွဲကို ဧပြီ ၂ ရက်(တနင်္ဂနွေနေ့) နံနက်ရနာရီတွင် အမှတ် ၁၈၄/၁၈၆၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်ရှိ ဟသ်ာတအသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အသင်းသူ၊ အသင်းသားများနှင့် ဟသ်ာတသူ၊ ဟသ်ာတသားများ တက်ရောက်ကြည်ညိုကြရန်နှင့် ကြိုတင်လှူဒါန်းလိုသူများသည် ဦးတင်အေး ဖုန်း-၆၅၀၇၂၈၊ ဦးသန်းဦး ဖုန်း-၂၉၄၄၉၈ နှင့် အသင်းတိုက် ဖုန်း-၂၀၁၁၁၄ သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ (က-ပ)



✻ ကျောဖုံးမှ

တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့များ၊ ဖိတ်ကြားထားသူများ တစ်ခဲနက်တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးရှိ ပြည်နယ်နှင့်တိုင်း နယ်မြေဒေသအားလုံး မျှတစွာဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝအခြေအနေများ ဟန်ချက်ညီညီ တိုးတက်မြင့်မားရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများစွာကို စီမံကိန်းများချမှတ်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတော်၏ ခနအင်အား တောင့်တင်းခိုင်မာလာစေရန် ပင်မစီးပွားရေးအခြေခံဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ ရေထိန်းတံခါးနှင့် မြစ်ရေတင်စီမံကိန်းများကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမြေဧရိယာတိုးချဲ့ရေး၊ သီးနှံအလိုက် အထွက်နှုန်းတိုးတက်ရေး၊ သီးထပ်တိုးချဲ့စိုက်ပျိုးရေးတို့ကို တစိုက်မတ်မတ်အားပေးဆောင်ရွက်လျက်ရှိသည့်အပြင် မွေးမြူရေးကဏ္ဍ မြင့်မားတိုးတက်စေရန်လည်း ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်စီမံပေးလျက်ရှိကြောင်း၊ နိုင်ငံပိုင်စက်ရုံကြီးများနှင့် ပုဂ္ဂလိကစက်ရုံများ၊ အလုပ်ရုံသစ်များ၊ စက်မှုဇုန်များကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည့်အပြင် ခေတ်မီစက်မှုနည်းပညာများ ရရှိစေရန် ပေါင်းစပ်တီထွင်ညှိနှိုင်းဆောင်ရွက်ခြင်း၊ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များရရှိစေရန် စီမံဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကိုလည်း တစိုက်မတ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူပင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံသားတို့၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပမ္မဝတီမြစ်အား ဖြတ်ကျော်တည်ဆောက်ထားသည့် ပမ္မဝတီတံတား (မြင်းကဆိပ်)ကို တွေ့ရစဉ်။ (သတင်းစဉ်)

ယခင်က ရေလမ်းကိုသာ အားထားခဲ့ရသည့် ဧရာဝတီတိုင်းသည် ယခု ကားလမ်းများနှင့် မြစ်ကူးချောင်းကူးတံတားများ ကွန်ရက်သဖွယ်ပေါ်ပေါက်နေ

ယခုကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်တိုးတက်ရေးသည် မရှိမဖြစ်သည့် လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်သွယ်စီးပွားရေးလုပ်ငန်းများသည်လည်း တိုးတက်လာပြီး စီးပွားရေးအခြေအနေများ ကောင်းမွန်တိုးတက်လာမည်ဖြစ်သကဲ့သို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများသည်လည်း တိုးတက် မြင့်မားလာမည်ဖြစ်၍ နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံပြီး လမ်းသစ်များ၊ တံတားသစ်များ၊ လေယာဉ်ကွင်းသစ်များ ဆောက်လုပ်ပေးနေခြင်းဖြစ်ကြောင်း။

အနီးစပ်ဆုံး သာဓကပြရလျှင် ယခင်က ရေလမ်းကိုသာ အားထားခဲ့ရသည့် ဧရာဝတီတိုင်းသည် ယခုဆိုလျှင် မော်တော်ကားလမ်းများနှင့် မြစ်ကူးချောင်းကူးတံတားများ ကွန်ရက်သဖွယ် ပေါ်ပေါက်နေပြီဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်က ဧရာဝတီတိုင်း၏ မော်တော်ကားလမ်း အရှည်သည် မိုင် ၄၀၀ ကျော်သာရှိခဲ့ပြီး ယခုဆိုလျှင် မိုင် ၁၃၀၀ ကျော်အထိ ဖောက်လုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တံတားအနေဖြင့် ကြည့်မည်ဆိုလျှင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ပေ ၁၈၀ အထက် တံတားကြီးပေါင်းမှာ ၂၁၂စင်းဖြစ်ပြီး ယနေ့ဖွင့်လှစ်သည့် ပမ္မဝတီတံတား(မြင်းကဆိပ်) အပါအဝင်ဆိုလျှင် ၂၁၃ စင်းမြောက်တံတားဖြစ်ကြောင်း၊ ဧရာဝတီတိုင်းအတွင်း၌ ၄၂ စင်း တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ယနေ့ ဖွင့်လှစ်သည့် ပမ္မဝတီတံတား(မြင်းကဆိပ်)သည် နိုင်ငံတော်၏ စေတနာကို ထင်ဟပ်ပေါ်လွင်စေသည့် ပြယုဂ်တစ်ခု၊ ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု၏ မှတ်တမ်း မော်ကွန်းတစ်ခုလည်းဖြစ်ကြောင်း၊ အဆိုပါ တံတားမှာ အရှည်စုစုပေါင်း ပေ ၁၂၆၀ ရှည်သည့် ကြိုးတံတားအမျိုးအစား တံတားတစ်စင်းဖြစ်ကြောင်း၊ ယခင်က ပုသိမ်မြို့မှ မြောင်းမြမြို့သို့ ၆၅ မိုင်ရှည်သည့် ပုသိမ်-ဒါးက-အိမ်မဲ-မြောင်းမြ ကားလမ်းဖြင့် ခရီးသွားလျက်ရှိရာမှ ဤတံတားကြီး ဖွင့်လှစ်နိုင်ပြီဖြစ်၍ ၃၂ မိုင်သာရှည်သည့် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြ ကားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်၍ ယခင်ကားလမ်းထက် ၃၃ မိုင် လျော့နည်းပြီး အချိန်တိုအတွင်း သွားလာနိုင်တော့မှာဖြစ်ကြောင်း၊ ဤလမ်းကြောင်းပေါ်မှာရှိသည့် ပုသိမ်မြို့နယ်နှင့် မြောင်းမြမြို့နယ်အတွင်းမှာရှိသည့် ကျေးရွာပေါင်း ၈၀၀ ကျော်က ကျေးလက်နေပြည်သူပေါင်း ခုနစ်သိန်းကျော်တို့၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေအနေများကိုလည်း ပိုမိုအကျိုးပြုနိုင်တော့မှာဖြစ်ကြောင်း။

ထို့အပြင် ရန်ကုန်-ဒေးဒရဲ-ဖျာပုံလမ်း၌ ဖျာပုံတံတား၊ ဟင်္သာတ-မြို့ကွင်း-ကွင်းကောက်လမ်း၌ ငဝန်တံတား(မြို့ကွင်း)တို့ကို တည်ဆောက်လျက်ရှိပြီး မကြာမီအတွင်း တစ်စင်းပြီးတစ်စင်း ပြီးစီးတော့မည်ဖြစ်ကြောင်း၊ တည်ဆောက်ပြီး တံတားများ၊ တည်ဆောက်ဆဲတံတားများနှင့် ကားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်မှုအခြေအနေများကို ကြည့်မည်ဆိုလျှင် ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်မှု တိုးတက်ရေးအတွက် ဆောင်ရွက်ချက်များသည် အံ့မခန်း ဆောင်ရွက်ချက်များဟု ဆိုရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးအနေဖြင့် ကြည့်မည်ဆိုလျှင်လည်း မိုးစပါးနှင့် နွေစပါး အများဆုံး တိုးချဲ့စိုက်ပျိုး ထုတ်လုပ်သည့်နိုင်ငံတော်၏ စပါးကျီအဖြစ် ခိုင်မာစွာ ရပ်တည်လျက်ရှိကြောင်း၊ မိုးစပါးကို ဧက ၃၆ သိန်းကျော်၊ နွေစပါးကို ဧက ၁၂ သိန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်သည့်အပြင် လာမည့်နှစ် မိုးစပါးကိုလည်း ဧကတစ်သိန်းတိုးပြီး ဧက ၃၇ သိန်း စိုက်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးထုတ်လုပ်နေသည်ကို တွေ့မြင်ရကြောင်း၊ မွေးမြူရေးကဏ္ဍတွင်လည်း ငါးကန်၊ ပုစွန်ကန်များကို ခေတ်မီနည်းစနစ်ဖြင့် မွေးမြူနိုင်သည့်အပြင် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများတွင်လည်း ပိုမိုတိုးတက်လျက်ရှိပြီး သားငါးကဏ္ဍထုတ်လုပ်မှုကို မြှင့်တင်လျက်ရှိကြောင်း။

စက်မှုလက်မှုကဏ္ဍကို ကြည့်မည်ဆိုလျှင် နိုင်ငံပိုင်စက်ရုံများဖြစ်သည့် ပုသိမ်မှန်စက်ရုံ၊ မြောင်းမြဂုန်လျှော်စက်ရုံ၊ ကြံခင်းဘိလပ်မြေစက်ရုံ၊ မအူပင်စက္ကူစက်ရုံ၊ သာပေါင်းပျော့ဖတ်စက်ရုံများနှင့် ပုဂ္ဂလိကအလုပ်ရုံများ အစီအရီပေါ်ထွန်းနေပြီး ပုသိမ်၊မြောင်းမြ၊ဟင်္သာတတို့၌လည်း စက်မှု ဇုန်များဖွင့်လှစ်တည်ထောင်ကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိနေကြောင်း။

စွမ်းအင်ကဏ္ဍတွင် မြန်အောင်ရေနံမြေ၊ ရွှေပြည်သာရေနံမြေ၊ ညောင်တုန်းရေနံမြေတို့က ရေနံနှင့်သဘာဝဓာတ်ငွေ့များကို ထုတ်လုပ်လျက်ရှိပြီး နိုင်ငံတော်အတွက်ပါ အကျိုးပြုလျက်ရှိကြောင်း။

အလားတူ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများတွင်လည်း သိသိသာသာ တိုးတက်လျက်ရှိနေသည်ကိုတွေ့မြင်နေရပြီဖြစ်ကြောင်း၊ ပုသိမ်၊ မအူပင်၊ ဟင်္သာတတို့တွင် တက္ကသိုလ်နှင့် ကောလိပ်ကျောင်းများ၊ ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးများစသည့် ဖွံ့ဖြိုးမှုသင်္ကေတများကိုလည်း တွေ့မြင်နေရပြီဖြစ်ကြောင်း၊ မြို့ပြများ စည်ပင်ဖွံ့ဖြိုးရေးကိုသာမက ချမှတ်ပေးထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဆောင်ရွက်နိုင်ခဲ့၍ ကျေးလက်များသည်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်ကြောင်း၊ ခြုံပြီးဆိုရလျှင် ဧရာဝတီတိုင်းသည် ဘက်စုံကဏ္ဍစုံ၌ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ဖွံ့ဖြိုးဝေစည်ဧရာဝတီဟု အမွှမ်းတင်ရလောက်အောင် ခေတ်သစ်တစ်ခုကို လှမ်းဝင်နေပြီဟု ဆိုရမှာဖြစ်ကြောင်း။

ဤကဲ့သို့ဖွံ့ဖြိုးအောင်မြင်နေခြင်းမှာ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်ဦးဆောင်လမ်းပြဆောင်ရွက်မှုနှင့် စေတနာ၊ အဆင့်ဆင့်သောတာဝန်ရှိသူများ၏ လိုက်နာဆောင်ရွက်မှုနှင့် ပြည်သူတို့၏ ပူးပေါင်းလက်တွဲဆောင်ရွက်မှုစွမ်းအားတို့ကြောင့်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်၏ စေတနာနှင့် လုပ်ကိုင်တည်ဆောက်ပေးထားသည့် အခြေခံကောင်းများကို ထိထိမိမိအသုံးချပြီး မိမိတို့၏စီးပွားရေးဘဝ၊ လူမှုရေးဘဝအခြေအနေများ တိုးတက်သည်ထက် တိုးတက်စေရန် အစဉ်တစိုက်ကြိုးစားဆောင်ရွက်ကြပါ၊မိမိ အကျိုးသာမက နိုင်ငံတော်အကျိုးကိုလည်းဆောင်ရွက်ကြပါ၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါရပ် တည်နိုင်ရမည်ဆိုသည့် ရည်မှန်းချက်ရပ်လုံးပေါ်လာစေရန် နိုင်ငံတော်နှင့်လက်တွဲပူး ပေါင်းဆောင်ရွက်ကြပါဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းသည် မြစ်ဝကျွန်းပေါ်ဒေသတစ်ခုဖြစ်ပြီး မြစ်ချောင်းအင်းအိုင်ပေါများသည့်အတွက် ယခင်က တစ်နေရာမှ တစ်နေရာသို့ သွားလာရာတွင် ရေလမ်းခရီးဖြင့် လှေ၊သင်္ဘောတို့ကိုသာ အားထားသွားလာနေရ၍ အချိန်ကြာမြင့်ခဲ့ရကြောင်း၊ ယခု နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် မြစ်ချောင်းအင်းအိုင်ပေါများသည့် ဧရာဝတီတိုင်းကို မော်တော်ကားလမ်းတွေဖောက်၊ မြစ်ကူးတံတားကြီးများကို တစ်စင်းပြီးတစ်စင်း တည်ဆောက်ပေးခဲ့သည့်အတွက် ခရီးသွားပြည်သူများအနေဖြင့် အချိန်တိုတိုအတွင်းမှာ ကုန်းလမ်းခရီးနှင့် သွားလာနိုင်ခဲ့ပြီဖြစ်ကြောင်း။

ယနေ့မှာလည်း မြောင်းမြခရိုင် မြောင်းမြမြို့နယ်တစ်ဖက်ကမ်းနှင့် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်ဘက်ကမ်းကို ဆက်သွယ်သည့် မြင်းကဆိပ်တံတားကို (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို သောအားဖြင့် ဖွင့်လှစ်ပေးနိုင်ခဲ့သောကြောင့် ဧရာဝတီတိုင်းအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နေ့တစ်နေ့ဖြစ်ပါကြောင်းနှင့် ဧရာဝတီတိုင်းသားများက ကျေးဇူးတင်ဝမ်းမြောက် ဂုဏ်ယူပါကြောင်းဖြင့် ထပ်မံတင်ပြလိုကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်တစ်ဝန်းလုံး ဒေသတစ်ခုနှင့်တစ်ခု အလွယ်တကူဆက်သွယ်သွားလာနိုင်မှသာ တိုင်းပြည်၏ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်၍ ခေတ်မီနိုင်ငံတော်သစ်ဆီ အမြန်ရောက်မှာဖြစ်သည်ဟု မိန့်မှာခဲ့ကြောင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ လမ်းတံတားများ တည်ဆောက်ပေးသည့်အတွက် ဒေသအသီးသီး၏ လူမှုရေး၊ စီးပွားရေးဘဝ တိုးတက်မှုတွေရှိနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ မိမိတို့ ဧရာဝတီတိုင်းသည်လည်း ဤအကျိုးကျေးဇူးများကို လက်ငင်းခံစားနေရပြီဖြစ်ကြောင်း။

မြင်းကဆိပ်တံတား မရှိမီကာလက မြင်းကဆိပ်မှ မြောင်းမြဘက်ကမ်းကို ဇက်ရေယာဉ်ဖြင့်ကူးဖြတ်ရသည့်အတွက် အခက်အခဲပေါင်းများစွာကို ခရီးသွားလုပ်သားပြည်သူများ ကြုံတွေ့ခံစားခဲ့ကြရပြီး ကုန်စည်ကူးသန်းမှုမှာလည်း နှောင့်နှေးခဲ့ရကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်က မြင်းကဆိပ်တံတား တည်ဆောက်ဖွင့်လှစ်ပေးနိုင်ပြီဖြစ်၍ ယခင်ကကြုံတွေ့ခံစားခဲ့ကြသည့် အခက်အခဲပေါင်းများစွာက ကင်းဝေးတော့မှာဖြစ်ကြောင်း။

ပုသိမ်မှ မြောင်းမြကို အချိန်တိုတိုအတွင်း အပြန်အလှန်သွားရောက်နိုင်မှာဖြစ်ပြီး အလားတူ မြောင်းမြခရိုင်ရှိ မြို့နယ်များမှ တိုင်းမြို့တော် ပုသိမ်နှင့် ရန်ကုန်သို့ အချိန်တိုအတွင်း ဒေသထွက်ပစ္စည်းများကို ဈေးကွက်သို့ လွယ်လွယ်ကူကူ တင်ပို့ရောင်းချနိုင်မှာဖြစ်ကြောင်း။

ဧရာဝတီတိုင်းသည် ရပ်ရွာအေးချမ်းတည်ငြိမ်ပြီး လမ်းပန်းဆက်သွယ်မှု တိုးတက် ကောင်းမွန်လာသည်နှင့်အမျှ ရေခံမြေခံ အခြေခံကောင်းများရှိသော ဒေသဖြစ်သည့်အတွက် အချိန်တိုကာလအတွင်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိနေကြောင်း၊ နိုင်ငံတော်အတွက် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုများအပြင် သားငါးထုတ်လုပ်မှုများတွင်လည်း အားကိုးရသည့် တိုင်းတစ်တိုင်းဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၆ခုနှစ် ဇန်နဝါရီလအတွင်း ဧရာဝတီတိုင်းကို ရောက်ရှိစဉ် တာဝန်ရှိသူများအား မှာကြားရာ၌ ဧရာဝတီတိုင်းသည် စိုက်ပျိုးရေးနှင့်ပတ်သက်၍ နိုင်ငံတော်က အားထားရသည့် တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ ဧရာဝတီတိုင်း၏ မိုးစပါးစိုက်ပျိုးမှုတစ်ခုတည်းကို ကြည့်ပါက ဧက ၃၆ သိန်းကျော် ရှိသဖြင့် တစ်နိုင်ငံလုံး မိုးစပါးစိုက်ပျိုးမှု၏ ၂၅ ရာခိုင်နှုန်းကျော်ခန့်ရှိနေကြောင်း၊ ထို့ကြောင့် ဧရာဝတီတိုင်းအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုကို မြင့်မားတိုးတက်နေအောင် အမြဲတမ်းအားထုတ် ကြိုးပမ်းနေရန်လိုကြောင်း၊ ယခုအခါ ခြစည်းရိုးကြက်ဆူပင်မှ ဒီဇယ်ဆီအစားထိုးသုံးစွဲနိုင်သည့် ဇီဝဒီဇယ်ဆီကို လွယ်လွယ်ကူကူထုတ်လုပ်အသုံးပြုနိုင်ပြီဖြစ်သည့်အတွက် ခြစည်းရိုးကြက်ဆူပင်များကို အောင်မြင်အောင် ဖိဖိစီးစီးတိုးချဲ့စိုက်ပျိုးသွားရမှာဖြစ်ကြောင်း၊ မြေသယံဇာတများကို အပြည့်အဝဖော်ထုတ်အသုံးချပြီး သီးနှံစိုက်ဧကတိုးချဲ့ခြင်း၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်း တိုးတက်စေခြင်း၊ သီးထပ်စွမ်းအားမြှင့်တင်ခြင်းတို့ဖြင့် လယ်ယာကုန်ထုတ်လုပ်မှုအခြေအနေတို့ကို တိုးတက်သည်ထက် တိုးတက်အောင် လုပ်ကိုင်သွားကြရမှာဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း၊ အဆိုပါမှာကြားချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူပြီး လိုက်နာဆောင်ရွက်လျက်ရှိကြောင်းကို တင်ပြလိုကြောင်း။

စိုက်ပျိုးရေးကဏ္ဍအနေဖြင့် ၂၀၀၅-၂၀၀၆တွင် မိုးစပါးဧက ၃၆သိန်း စိုက်ပျိုးနိုင်ခဲ့ပြီး လာမည့်နှစ်မှာ ဧကတစ်သိန်းတိုး၍ ဧက၃၇သိန်းစိုက်ပျိုးနိုင်ရေး စီမံချက်ရေးဆွဲပြီး အားလုံးဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်မှာ နွေစပါး ဧက ၁၂ သိန်းကျော် စိုက်ပျိုးနိုင်ခဲ့သည့်အတွက် မိုးစပါး၊ နွေစပါးနှစ်ရပ်ပေါင်းသည် တစ်နိုင်ငံလုံးအတိုင်းအတာ၏ သုံးပုံတစ်ပုံရှိကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧရာဝတီတိုင်းအတွင်း နန်ကသူရေလှောင်တမံ၊ ကွန်ချောင်းတမံများကို တည်ဆောက်ပေးခဲ့သကဲ့သို့ ဆက်လက်ပြီး မမြတမံ၊ ကညင်ချောင်းတမံများကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ဗန်းမော်သုံးခွ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို တည်ဆောက်ပေးနိုင်ခဲ့ပြီး ငပိဆိပ်၊ကဇွန်းခုံ၊မြို့ကွင်း၊ မြစ်ကျိုး၊ ကျုံစုတ်၊ ဒါးက၊ ကညင်ကောက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများကိုလည်း နွေစပါးတိုးချဲ့စိုက်ပျိုးရေးအတွက် စီမံကိန်းကြီးများဖြင့် ဆက်လက်တည်ဆောက်ပေးလျက်ရှိကြောင်း။

မွေးမြူရေးကဏ္ဍအနေဖြင့် ဧရာဝတီတိုင်းတွင် ကြက်၊ ဘဲအပြင် ငါးမွေးမြူရေးအနေဖြင့် ငါးမွေးကန် ဧကတစ်သိန်းတစ်သောင်း မွေးမြူရန် လျာထားခဲ့ရာ ဧက ၁၀၃၀၀၀ မွေးမြူထားပြီး ရေချို၊ ရေငန်ပုစွန်မွေးမြူပြီးစီးမှု အခြေအနေမှာ ၄၁၂၉၄ ဒသမ ၃၀ ဧကဖြစ်ပြီး ဆက်လက်တိုးချဲ့ မွေးမြူသွားမှာဖြစ်ကြောင်း။

ဧရာဝတီတိုင်းသည် “နိုင်ငံတော်၏စပါးကျီ”၊ “နိုင်ငံတော်၏ထမင်းအိုးကြီး” ဟု တင်စားခေါ်ဝေါ်ခဲ့ရာမှ ယခုအခါ မွေးမြူရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းလာသည့်အတွက် “ဟင်းအိုးကြီး”ဖြစ်သည်ဟုလည်း ခေါ်ဆိုနိုင်ပြီဖြစ်ကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❋

❀ စာမျက်နှာ ၁၁ မှ

၎င်းအပြင် နိုင်ငံတော်က သတ်မှတ်ပေးထားသည့် နှစ်ရှည်ပင်သုံးမျိုးကို စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ယခုအခါတိုင်းအတွင်း ရော်ဘာဧကတစ်သိန်းစိုက်ပျိုးရန် လျာထားထားရှိရာမှာ တစ်တိုင်းလုံးအနေဖြင့် ပျိုးပင်၂၁သိန်းကို စီစဉ်စိုက်ပျိုးလျက်ရှိကြောင်း၊ ထို့အပြင် ကျေးလက်နေပြည်သူများ အတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးရှိမည့် ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို သုံးနှစ်အတွင်းစိုက်ဧက ငါးသိန်းပြည့်မီအောင် စိုက်ပျိုးရေးအတွက်လည်း တပ်ရင်းတပ်ဖွဲ့၊ကုမ္ပဏီ၊ ဌာနဆိုင်ရာများ၊ ပြည်သူလူထုများ ဝီရိယစိုက်ထုတ် ဆောင်ရွက်လျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ မိမိတို့ရောဝတီတိုင်းသားများ အနေဖြင့်လည်းနိုင်ငံတော်၏ ကျေးဇူးကိုတုံ့ပြန်သောအားဖြင့် နိုင်ငံတော်က ပေးအပ်ထားသော ရည်မှန်းချက်တာဝန်များကို ရာနှုန်းပြည့် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ပမ္မဝတီတံတား (မြင်းကဆိပ်) ဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ယနေ့သည် ပုသိမ်နှင့်မြောင်းမြကို လွယ်ကူစွာဆက်သွယ်ပေးမည့် ပမ္မဝတီမြစ်ကူးတံတား (မြင်းကဆိပ်)ကို တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်သည့်နေ့ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် နိုင်ငံနှင့်အဝန်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍ တိုးမြှင့်နိုင်စေရေးအတွက် လမ်းနှင့်တံတားများ တိုးမြှင့်ဆောက်လုပ်ပေးလျက်ရှိရာ ၁၉၈၈ခုနှစ်ကနေ ယနေ့အထိ ဤတံတားအပါအဝင် ပေ ၁၈၀နှင့်အထက် တံတားကြီးပေါင်း ၂၁၃စင်းရှိပြီဖြစ်ကြောင်း၊ ဤရောဝတီတိုင်းအတွင်းမှာ ကြည့်ရင်လည်း ၄၂စင်းမြောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သကဲ့သို့ တည်ဆောက်ဆဲတံတားများအနေဖြင့် ဖျာပုံတံတား၊ မောင်ဘီဝတံတားနှင့် ငဝန်တံတား(မြို့ကွင်း) စသည့်တံတားတွေကိုလည်း အမြန်ပြီးစီးအောင် ဆောင်ရွက်နေကြောင်း။

အိမ်မဲမြို့နယ်နှင့် ဝါးခယ်မမြို့နယ်တို့ကို ဆက်သွယ်မည့် ကျွန်းကုန်းတံတားကိုလည်း မကြာမီဆောက်လုပ်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် ပမ္မဝတီတံတား(မြင်းကဆိပ်)ကို အမျိုးသမီးအင်ဂျင်နီယာများဖြင့်ဖွဲ့စည်းထားသည့် တံတားတည်ဆောက်ရေးအထူးအဖွဲ့(၅)က တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တံတားကြီးများ အတော်လေးဆောင်ရွက်ပေးပြီးဖြစ်၍ ယခုနှစ်ကစပြီး လမ်းလုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အဓိကလမ်းမကြီး ၃၇လမ်းကို ငါးနှစ်စီမံကိန်းချမှတ်ပြီး မြေလမ်းကနေ အမာခံ၊ အမာခံလမ်းကနေ ကျောက်ချော လမ်း၊ ကျောက်ချောလမ်းကနေ ကတ္တရာလမ်းအထိ အဆင့်မြှင့်တင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ရောဝတီတိုင်းအနေဖြင့် ယခင်က ၁၉၈၈ခုနှစ်အထိ ကတ္တရာလမ်း ၁၉၃မိုင်အပါအဝင် ကျောက်လမ်း၊ အမာခံလမ်း၊ မြေလမ်း စုစုပေါင်းမိုင် ၄၄၀ ရှိခဲ့ရာက ယခုဆိုလျှင် ကတ္တရာလမ်း ၅၀၄မိုင် ၆ဖာလုံအပါအဝင် စုစုပေါင်း လမ်းမိုင်အရှည် ၁၃၃၂မိုင်၂ဖာလုံ အထိ တိုးမြှင့်တည်ဆောက်ပေးခဲ့ပြီး တံတားပိုင်းအနေဖြင့် ပေ ၁၈၀နှင့်အထက် တံတား ၁၁စင်းမှ ယခုဆိုလျှင် ၄၂စင်းအထိ ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဂျပန်နိုင်ငံမှ ဗုဒ္ဓဘာသာဘုန်းတော်ကြီး Miwa Shoho နှင့် Mr. Tsuboi Kiyoshi တို့က ရန်ကုန်ကလေးဆေးရုံကြီးနှင့် ယင်းဆေးရုံကြီးရှိ ကလေးအထူးကုဌာနများအတွက် လိုအပ်သော ဆေးဝါးနှင့် ဆေးပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် ငွေကျပ် ၈၀၀၀၀၀ကို ဦးအောင်ဝင်းသန်း (Managing Director) Peace Smile Land, Travels & Tours မှ တစ်ဆင့် မတ် ၂၃ ရက်က လှူဒါန်းစဉ်။ (ကလေးဆေးရုံကြီး)

တွံတေးတံတား သံပေါင်တပ်ဆင်မည် ရေယာဉ်များစက်ရှိန်သတ် မောင်းနှင်ရန်နှိုးဆော်

ရန်ကုန် မတ် ၂၃

တွံတေးတံတားသည် တည်ဆောက်မှုလုပ်ငန်းစဉ်အရ ဇက်ရေယာဉ်နှင့် ဝန်ချီစက်တို့ကို အသုံးပြု၍ ရေလယ် (Mid Point) မှ ဘယ်ညာသို့ ဖြန့်ကာ သံပေါင်တပ်ခြင်းလုပ်ငန်းကို မတ် ၂၅ရက်မှ ဧပြီ ၅ရက်အထိ နေ့စဉ်နံနက် ၆နာရီမှ ည ၇နာရီခွဲအထိ ဆောင်ရွက်မည် ဖြစ်သည်။

တွံတေးတံတားသံပေါင်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းစေရေးနှင့်ရေယာဉ်များ အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် အဆိုပါ ရေကြောင်းအတွင်းမှ ဖြတ်သန်းကြမည့် ပဲ့ထောင်များအပါအဝင် ရေယာဉ်ကြီး/ငယ်များအားလုံးသည် လုပ်ငန်းခွင်ဧရိယာအထက်/အောက် ကိုက် ၃၀၀မှစတင်၍ စက်ရှိန်သတ်ပြီးလုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်နေရာ၏ လုံခြုံသောအကွာအဝေးမှခွာ၍ မောင်းနှင်ကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက်သတင်း ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဂမုန်းပွင့်ကုန်တိုက်ဖွင့်ပွဲ တက်ရောက်ချီးမြှင့်အားပေး

ရန်ကုန် မတ် ၂၃

ဂမုန်းပွင့်ကုန်တိုက်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ အဆိုပါကုန်တိုက်ရှေ့၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက် ချီးမြှင့်အားပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ကုန်တိုက်ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက်ဧည့်သည်တော်များသည် ကုန်တိုက်အတွင်းခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ဂမုန်းပွင့်ကုန်တိုက်အဆောက်အအုံကို ၁၉၉၅ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဈေးကွက်လိုအပ်ချက်အရ မူလကုန်တိုက်နှင့် ကပ်လျက် မြေနေရာတွင် ခေတ်မီဆန်းသစ်သော ဗိသုကာပုံစံများဖြင့် တိုးချဲ့ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဈေးဝယ်သူများအနေဖြင့် ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရန် စီစဉ်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ယခု တံတားကြီး တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့်အတွက် ပုသိမ်မြို့မှ မြောင်းမြမြို့သို့ ယခင်လမ်းဟောင်းဖြစ်သည့် ပုသိမ်-ဒါးက-အိမ်မဲ ကားလမ်းထက် ၃၃မိုင်လျော့နည်းသွားကြောင်း၊ ပမ္မဝတီတံတား(မြင်းကဆိပ်) ရေရှည်ခိုင်ခံ့စေရန် ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။ထို့နောက် ဒေသခံပြည်သူတစ်ဦးက ပမ္မဝတီတံတား (မြင်းကဆိပ်) တည်ဆောက်ပေးမှုနှင့် ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် တံတားမုခ်ဦးရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ပမ္မဝတီတံတား(မြင်းကဆိပ်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပမ္မဝတီတံတား (မြင်းကဆိပ်) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများသည် ဖွင့်လှစ်ပြီးသည့် ပမ္မဝတီတံတား (မြင်းကဆိပ်)ကို ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ ပမ္မဝတီတံတား (မြင်းကဆိပ်)မှာ တံတားအရှည် စုစုပေါင်းပေ ၁၂၆၀၊ ယာဉ်သွားလမ်း အကျယ် ၁၅ပေ ရှစ်လက်မ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီရှိပြီး တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၄၀၀နှင့် အမြင့်ပေ ၂၀၊ ခွင့်ပြုယာဉ်အလေးချိန် ၃၆တန်ဖြစ်သည်။ တံတားအမျိုးအစားမှာ ဘေလီကြိုးတံတား သံကူကွန်ကရစ်ဖြစ်သည်။

၂၀၀၄ ခုနှစ် မေလ ၅ရက်တွင် စတင်တည်ဆောက်ပြီး ယခုကာလတိုအတွင်း ဖွင့်လှစ်နိုင်ခြင်းဖြစ်သည်။

အဆိုပါ တံတားသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတား အထူးအဖွဲ့ (၅)မှ အင်ဂျင်နီယာမှူး ဒေါ်စီသန်းဦးဆောင်သော မြန်မာအမျိုးသမီးအင်ဂျင်နီယာ ဝန်ထမ်းများက တာဝန်ယူတည်ဆောက်ခဲ့သည့် ဒုတိယမြောက်တံတားဖြစ်သည်။ (သတင်းစဉ်)

မဏိရတနာ မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် မတ် ၂၃

ရန်ကုန်တိုင်း ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ ဓမ္မဗိမာန်(ဓမ္မာရုံ)တွင် မတ်၂၅ရက်မှ ၃၁ရက်အထိ နေ့စဉ် ညနေ ၆နာရီမှစတင်၍ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရား မဏိရတနာကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ ပိဋကတ်နှစ်ပုံအောင် ဆရာတော်က ပဋိစ္စသမုပ္ပါဒ်တရားတော်များဟောကြားမည်ဟုသိရသည်။ (က-ပ)

မိုးကုတ်ဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၃

ထောက်ကြန့်မြို့ မိုးကုတ်ဝိပဿနာ ဂူကြီးကုန်း ကျောင်းတိုက်ကြီးတွင် ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တစိတ္တိတနှင့် နိုင်ငံကျော် ဓမ္မကထိက ဆရာကြီး ဦးစောအောင်တို့က ဧပြီ ၈ရက်မှ ၁၇ရက်အထိ ပဋိစ္စသမုပ္ပါဒ် တရားသစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်ရာတရား စခန်းဝင်လိုသော ယောဂီများသည် မတ် ၃၀ရက်ထက် နောက်မကျစေဘဲစာရင်းပေး သွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

ပြိုင်ဆရာတော်တရားပွဲ

ရန်ကုန် မတ် ၂၃

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ(ဓမ္မကထိက ဗဟုဇနဟိတဓရ)၏တပည့် ပြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ နယ်လှည့်ဓမ္မကထိက) သည် မတ် ၂၄ရက်၌ ရန်ကုန်တိုင်း လှိုင်သာယာစက်မှုဇုန် ဆွမ်းအောင်ပွဲ ဓမ္မသဘင်၌ ည ၇နာရီမှ စ၍ တရားတော်များ ဟောကြားမည်ဖြစ်သည်။

တရားပွဲ ပင့်လျှောက်သူများ ရန်ကုန်တိုင်း လှိုင်မြို့နယ် ဓမ္မရက္ခိတ ဖြူးမဟာစည်ရိပ်သာ ဖုန်း-၅၃၀၀၆၈၊ ၅၀၁၈၄၆လိုင်းခွဲ(၁၈၁)သို့ ပင့်လျှောက်နိုင်ကြောင်းသိရသည်။ (က-ပ)

စက်မှု (၁)ဈေးပွဲတော် ကျင်းပမည်

ရန်ကုန် မတ် ၂၃

အမှတ်(၁)စက်မှုဝန်ကြီးဌာနက ထုတ်လုပ်ရောင်းချလျက်ရှိသည့် ပြည်တွင်းဖြစ် အဝတ်အထည်များ၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းများ၊ စားသောက်ကုန်နှင့် စာရေးကိရိယာအမျိုးမျိုး၊ အပ်ချုပ်စက်နှင့် စက်ဘီးအမျိုးမျိုးတို့ကို ဈေးနှုန်းချိုသာစွာဖြင့် ပြည်သူများသို့ တိုက်ရိုက်ဖြန့်ဖြူးရာတွင် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပထမအကြိမ်ဈေးပွဲတော်ကို ဖေဖော်ဝါရီ ၁ရက်မှ ၁၁ရက်အထိ ရန်ကုန်မြို့ရှိ စက်မှု(၁)ဝင်းအတွင်း၌ လည်းကောင်း၊ ဒုတိယအကြိမ် ဈေးပွဲတော်ကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၅လမ်းနှင့် ၇၁လမ်းကြားရှိ မဟာနွယ်စဉ် အားကစားကွင်း၌ လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်(၂)ရပ်ကွက် မယ်လမုဘုရားနှင့် မျက်နှာချင်းဆိုင် အားကစားကွင်း၌ တတိယအကြိမ်ဈေးပွဲတော်ကို မတ်၁၀ရက်မှ ၂၁ရက်အထိ လည်းကောင်း၊ မုံရွာမြို့၌ စတုတ္ထအကြိမ် ဈေးပွဲတော်ကို မတ် ၁၇ရက်မှ ၂၇ရက်အထိ လည်းကောင်း၊ ပဲခူးမြို့၌ မတ် ၂၆ရက်မှစတင်၍ ပဥ္စမအကြိမ်အဖြစ် အထူးဈေးရောင်းပွဲတော်ကိုလည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက်တပ်မတော်နေ့ကို
ကြိုဆိုဂုဏ်ပြုသောအားဖြင့်
အမှတ်(၁)စက်မှုဝန်ကြီးဌာန
အထူးဈေးရောင်းပွဲတော်ကို
ပဲခူးမြို့ တိုင်းပြည်သူ့အားကစားကွင်းတွင်
၂၆-၃-၂၀၀၆ရက်နေ့မှစတင်၍ ကျင်းပပါမည်။
နေ့စဉ်နံနက်၈နာရီမှ ည၈နာရီအထိ
အမှတ်(၁)စက်မှုဝန်ကြီးဌာန
ထုတ်ကုန်ပစ္စည်းမျိုးစုံကို
ဈေးနှုန်းချိုသာစွာဖြင့်
ရောင်းချဖြန့်ဖြူးပေးသွားမည်ဖြစ်ပါသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၃-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀	၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀	၆။ မျိုးချစ်တပ်မတော်
၅:၀၀	၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၅	၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။ နိုင်ငံတကာသတင်း
၆:၂၀	၁၁။ မိုးလေဝသသတင်း
၆:၂၅	၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၃။ **ကာတွန်းအစီအစဉ် "ပါကျဲ" (အပိုင်း-၂၆)ဇာတ်သိမ်းပိုင်း**
၆:၄၀	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ"(အပိုင်း-၂၃)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ Goals Show အစီအစဉ်
	၁၉။ စိုက်ပျိုးသုတ
	၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။ **(၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် "သားကောင်းမိခင်"(အပိုင်း-၂)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် အရှေ့အာရှ လွတ်လပ်သော ကုန်သွယ်မှုဇုန်ဧရိယာတို့ကြောင့် မြန်မာ့ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အကျိုးသက်ရောက်မှု အလားအလာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနက ကြီးမှူးကျင်းပသည့် "အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် အရှေ့အာရှ လွတ်လပ်သော ကုန်သွယ်မှု ဇုန်ဧရိယာတို့ကြောင့် မြန်မာ့ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အကျိုးသက်ရောက်မှု အလားအလာ" အာဆီယံလမ်းကြောင်း(၂) မဟာဗျူဟာလေ့လာရေး ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ဂရင်းပလာဇာ ပတ်(ခ်)ရှိုင်ရယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန အတွင်းရေးမှူး သံအမတ်ကြီး ဦးညွန့်တင်က အဖွင့်အမှာစကားပြောကြားသည်။

ကြိုဆိုနှုတ်ခွန်းဆက်

ထို့နောက် စင်ကာပူသမ္မတနိုင်ငံ အခြေစိုက် ဖရီဒရစ်အဲဘတ်ဖောင်ဒေးရှင်း Friedrich Ebert Stiftung အကြီးအကဲ Mr. Axel Schmidt က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့မှ သံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ စာတမ်းတင်သွင်းသူများ၊ စင်ကာပူသမ္မတနိုင်ငံ အခြေစိုက် Friedrich Ebert Stiftung (FES) နှင့် Singapore Institute of International Affairs (SIIA) တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ၊ ပုဂ္ဂလိကနှင့် စီးပွားရေးပညာရှင်များ အသိုက်အဝန်းမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြန်လည်ဖြေကြား

ယင်းနောက် ဆွေးနွေးပွဲကို အပိုင်းလေးပိုင်းခွဲ၍ တင်ပြဆွေးနွေးကြရာ ဆွေးနွေးပွဲ ပထမပိုင်းတွင် "Baseline Report on ASEAN Economic Community and the Proposed East Asia FTA:Propects and Implications on Trade and Development of Myanmar" ခေါင်းစဉ်ကို အခြေခံသော စာတမ်းကို Dr. Hank Lim, Director for research, SIIA ကလည်းကောင်း၊ ဒုတိယပိုင်းတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒေါက်တာ ဒေါ်ခင်အုန်းသန့်က "Myanmar's Perspective on ASEAN Economic Community and the Proposed East Asia Free Trade Areaa (EAFTA): Benefits and Costs" ခေါင်းစဉ်ကို အခြေခံသော စာတမ်းကိုလည်းကောင်း၊ တတိယပိုင်းအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်စိုးနှင့် ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ခင်မေလှတို့က "Progress Report on AFTA: Changes and Implications to Myanmar Trade Policy" ခေါင်းစဉ်ကို အခြေခံသော စာတမ်းကိုလည်းကောင်း၊ စတုတ္ထပိုင်းအနေဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇောက "Progress Report on AFTA: Changes and Implications to Myanmar Investment Policy" ခေါင်းစဉ်ကို အခြေခံသော စာတမ်းကိုလည်းကောင်း အသီးသီးတင်ပြဆွေးနွေးကြပြီး တင်ပြချက်များနှင့်ပတ်သက်၍ တက်ရောက်လာကြသူများ၏ ပါဝင်ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ဖြေကြားကာ ဆွေးနွေးပွဲ ပထမနေ့အစီအစဉ်ကို ညနေပိုင်းတွင် ရပ်နားသည်။

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန အတွင်းရေးမှူး သံအမတ်ကြီး ဦးညွန့်တင် အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် အရှေ့အာရှ လွတ်လပ်သော ကုန်သွယ်မှု ဇုန်ဧရိယာတို့ကြောင့် မြန်မာ့ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အကျိုးသက်ရောက်မှု အလားအလာ အာဆီယံလမ်းကြောင်း မဟာဗျူဟာလေ့လာရေး ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ ဆွေးနွေးပွဲကို ဒုတိယနေ့အဖြစ် ယနေ့ နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ရှိ ဂရင်းပလာဇာ ပတ်(ခ်)ရှိုင်ရယ်ဟိုတယ်၌ ဆက်လက်ကျင်းပရာ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရင်ရင်မြက "Overview of Myanmar Economy"ခေါင်းစဉ်ကို အခြေခံသော စာတမ်းကို တင်ပြဆွေးနွေးသည်။

သုံးသပ်တင်ပြ

ထို့နောက် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန အတွင်းရေးမှူး သံအမတ်ကြီး ဦးညွန့်တင်နှင့် Mr. Axel Schmidt, Head, Friedrich Ebert Stiftung, Singapore Office တို့က နှစ်ရက်တာ ဆွေးနွေးပွဲရလဒ်များကို ပြန်လည်သုံးသပ်တင်ပြကြကာ နိဂုံးချုပ်စကားပြောကြားကြသည်။ (သတင်းစဉ်)

မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက်တရားပွဲ

ရန်ကုန် မတ် ၂၃

မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက် တောင်ပိုင်းတွင် (၂၁)ကြိမ်မြောက် ဓမ္မသဘင် တရားပွဲကို မတ် ၂၃ ရက်မှ စတင်၍ ဧပြီ ၄ ရက်အထိ ကျင်းပလျက်ရှိသည်။ တရားပွဲကို ညစဉ် ၇နာရီမှစ၍ ကျင်းပရာ အရှင်အာစာရလင်္ကာရ၊ အရှင်ကြွန္တက (တုံတေး)၊ အရှင်ဇဝန၊ အရှင်ပညာနန္ဒ၊ ဒေါက်တာအရှင်ကောဝိဒ၊ ဘဒ္ဒန္တဝိသုဒ္ဓရံသီ (ပျော်ဘွယ်)၊ အရှင်ဂါရဝါဘိဝံသ၊ ဘဒ္ဒန္တအဂ္ဂသာရ၊ အရှင်ခေမာသိရီလင်္ကာရ၊ ဒေါက်တာစန္ဒာဝရာဘိဝံသ၊ ဘဒ္ဒန္တဝိနယစာရ၊ ဘဒ္ဒန္တဝဏ္ဏသာမိနှင့် အရှင်ရာဇိန္ဒတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားကြမည်ဖြစ်ကြောင်း သိရသည်။ (၅၃၂)

သင်္ကြန်တွင်း တရားစခန်းကျင်းပမည်

ရန်ကုန် မတ် ၂၃

မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်၊ သန္တာ (၁၇)လမ်း၊ အောင်မင်္ဂလာဓမ္မရိပ်သာကျောင်းတွင် နာယကဆရာတော် ဘဒ္ဒန္တဥတ္တမနှင့် အောင်မင်္ဂလာ အရှင်ပဏ္ဍိတ သာသနာပြုဓမ္မကထိက ဓမ္မာစရိယတို့မှ ဧပြီ ၁၂ ရက်မှ ဧပြီ ၁၇ ရက်အထိ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်၍ တရားစခန်းဝင်လိုသူများသည် ဧပြီ ၁၁ ရက် ညနေ ၆ နာရီအရောက်လာကြပါရန်နှင့် စာရင်းပေးသွင်းလိုသူများသည် ဖုန်း– ၆၉၁၄၄၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

အလင်းရောင်မဟာစည် တရားစခန်းပွဲကျင်းပမည်

ရန်ကုန် မတ် ၂၃

(၁၇) ကြိမ်မြောက် အလင်းရောင်မဟာစည်သာသနာ့ရိပ်သာ၏ ၁၀ ရက် တရားစခန်းပွဲကို ဧပြီ ၇ ရက်မှ ၁၇ ရက်အထိ အလင်းရောင်မဟာစည်သာသနာ့ရိပ်သာ ခတ္တာလမ်း (၁)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့၌ ပြုလုပ်မည်ဖြစ်ပြီး တရားအားထုတ်လိုသူများနှင့် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်လိုသူများအတွက် သင်္ကန်းပရိက္ခရာ အစုံကို ဈေးနှုန်းချိုသာစွာဖြင့် ပြည့်စုံအောင် စီစဉ်ပေးမည်ဖြစ်သည်။ အရဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် အဖျော်ရည်တို့ လှူဒါန်းလိုသူများသည် အဆိုပါရိပ်သာရှိ ဖုန်း– ၆၆၅၃၀၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

ဘရူနိုင်းနှင့် မလေးရှားတွင် လက်–ခြေ–ပါးစပ် ကူးစက်ရောဂါဖြစ်ပွား

ရန်ကုန် မတ် ၂၃

ဘရူနိုင်းနိုင်ငံတွင် လက်–ခြေ–ပါးစပ် ကူးစက်ရောဂါ (hand-foot-and-month disease) ဖြစ်ပွားသည့် ကလေးငယ်စုစုပေါင်း ၃၂၂ ဦးကို တွေ့ရှိခဲ့ပြီး အသက်နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးမှာ ရောဂါကြောင့် သေဆုံးခဲ့ကြောင်း၊ ဖေဖော်ဝါရီလတွင် ယင်းရောဂါဖြစ်ပွားမှုကို စတင်တွေ့ရှိခဲ့ကြောင်း၊ ရောဂါတွေ့ရှိသည့် ကလေးငယ်များမှာ ရောဂါဖြစ်ပွားမှု မပြင်းထန်သဖြင့် စိုးရိမ်ဖွယ်ရာမရှိကြောင်း၊ ပြည်သူလူထုအနေဖြင့် စိုးရိမ်ကြောက်လန့်စရာမရှိကြောင်းတို့ကို ဘရူနိုင်းကျန်းမာရေးအာဏာပိုင်များက အသိပေးထုတ်ပြန် ပြောကြားထားသည်။

ယင်းရောဂါမှာ အသက်(၁၀)နှစ်အောက် ကလေးငယ်များတွင် အဖြစ်များလေ့ရှိပြီး enterovirus ကြောင့် ကူးစက်ဖြစ်ပွားလေ့ရှိကြောင်း၊ အဖြစ်များသည့် ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး အန္တရာယ်မကြီးသော်လည်း ဂရုမစိုက်ပါက အသက်ဆုံးရှုံးနိုင်ကြောင်း၊ ကလေးငယ်များတွင် လက်ဖဝါး၊ ခြေထောက်တို့၌ အနီကွက်များဖြစ်ပေါ်ခြင်း၊ ပါးစပ်နှင့် လျှာတို့တွင် အဖုငယ်များပေါက်ခြင်း၊ အစာစားရာနှင့် အရည်သောက်ရာတွင် လျှာနာခြင်း၊ အဖျားကြာရှည်ခြင်း၊ မကြာခဏ အန်ခြင်း၊ အစားပျက်ခြင်း၊ အားအင်ကုန်ခန်း၍ အိပ်ချင်ခြင်း၊ အသက်ရှူမဝခြင်း၊ သွေးခုန်နှုန်း တစ်မိနစ်လျှင် ၁၆၀ အောက် ရောက်ခြင်း စသည့် ရောဂါလက္ခဏာများရှိကြောင်း၊ မိဘများအနေဖြင့် ၎င်းရောဂါလက္ခဏာများကို မိမိကလေးတွင်တွေ့ရှိက အမြန်ဆုံးကုသမှု လာရောက်ခံယူရန်ဖြစ်ကြောင်း၊ လူနာ၏ တံတွေး၊ သလိပ်၊ နှာရည်၊ မစင်စသည်များမှတစ်ဆင့် ရောဂါကူးစက်တတ်ကြောင်း၊ ရောဂါမကူးစက်ရေးအတွက် ကလေးငယ်များ၏ လက်၊ ခြေ ကောင်းစွာဆေးကြောခြင်း အပါအဝင် တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုရန်ဖြစ်ကြောင်းလည်း ဘရူနိုင်းကျန်းမာရေးအာဏာပိုင်များက ပြောကြားထားသည်။

ဘရူနိုင်းနိုင်ငံနှင့် နယ်မြေချင်းဆက်စပ်နေသည့် မလေးရှားနိုင်ငံ၏ အရှေ့ပိုင်း ဆာရာဝပ်ပြည်နယ်တွင် လက်–ခြေ–ပါးစပ် ကူးစက်ရောဂါဖြစ်ပွားကြောင်း ကြေညာခဲ့ပြီး တစ်ရက်လျှင် အသစ်ဖြစ်ပွားသူ ၂၀၀ ခန့် ရှိနေခြင်းကြောင့် ရောဂါဘေး(epidemic) အသွင်သို့ တဖြည်းဖြည်း ရောက်ရှိလာနေကြောင်း၊ မလေးရှားကျန်းမာရေးဝန်ကြီးက ပြောကြားကြောင်း၊ ဆာရာဝပ်ပြည်နယ်တွင် လွန်ခဲ့သည့် သုံးရက်အတွင်း လူနာအသစ် ၆၀၁ ဦး တွေ့ရှိခဲ့ပြီး ယခုနှစ်အတွင်း စုစုပေါင်း ၁၅၀၀ အထိ ကူးစက်ခံရပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါရောဂါအတွက် ကုသရန်ဆေးဟူ၍ သီးသန့်မရှိကြောင်း၊ သို့ရာတွင် ရောဂါဖြစ်ပွားစ၌ ကောင်းမွန်စွာ ပြုစုခြင်းဖြင့် ပြန်လည်ကျန်းမာလေ့ရှိကြောင်း မတ်လထုတ် Borneo Bulletin သတင်းစာများတွင် ဖော်ပြထားသည်။

(သတင်းစဉ်)

ရတနာဇာတ်ကားသစ် ရုံတင်ပြသမည်

ကြေးမုံ ရုပ်ရှင်

ရန်ကုန် မတ် ၂၃

ယခုသောကြာပတ် မတ် ၂၄ ရက်တွင် မြန်မာဇာတ်ကားသစ် **ရတနာ** ဇာတ်ကား ရုံတင်ပြသမည်ဖြစ်သည်။

ရတနာ

ပခုက္ကူ ဦးအုန်းဖေ စာပေဆုရ မင်းတင်ထွဏ်း၏ဝတ္ထုကို ဒါရိုက်တာ အိအိခိုင်ကိုယ်တိုင် ဇာတ်ညွှန်းရေးသား ရိုက်ကူးသည့် **ရတနာ** မြန်မာကားသစ် လာမည့် သောကြာနေ့တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားတွင် ကျော်သူ၊ ထွန်းအိန္ဒြာဗို၊ မေသန်းနု၊ ဇာဂနာ၊ ဖိုးသောကြာ၊ ပုလဲဝင်း၊ ဇော်ဦး၊ ကျော်ကျော်ပိုင်မှူး၊ စမ်းစမ်းအေး၊ သန်းသန်းစိုး၊ ဝိုင်းစုခိုင်သိန်း၊ ဝင်းနိုင်(အနုပညာ)နှင့် ဇော်ဝင်းနိုင်(မန္တလေး) တို့ပါဝင် သရုပ်ဆောင်ထားကြသည်။

ရှေ့ဆောင်ရုံတွင် ပြသဆဲ မြန်မာဇာတ်ကားသစ် ဆက်လက်ပြသမည်ဖြစ်သည်။

ပြသဆဲ ဆဋ္ဌဂံ ဇာတ်ကားမှ မျိုးသန္တာထွန်း။

ယခု သောကြာပတ် ရုံတင်ပြသမည့် ရတနာ ဇာတ်ကားသစ်မှ ဇာတ်ဝင်ခန်း တစ်ခန်းကို တွေ့ရစဉ်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ပြသဆဲ နိုင်ငံခြားဇာတ်ကား ဖြစ်သည့် The Cave ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားမှာ ထူးဆန်းသည့် သတ္တဝါများနောက်သို့ ခြေရာကောက် လိုက်လံရှာဖွေသည့် ဇီဝဗေဒပညာရှင်အဖွဲ့ တစ်ဖွဲ့၏ အန္တရာယ်အမျိုးမျိုးနှင့် ကြုံရပုံကို သည်းထိတ်ရင်ဖိုဖွယ် ရိုက်ကူးထားသည့် စွန့်စားမှုအသားပေးဇာတ်ကား ဖြစ်သည်။ (ကြေးမုံ)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ မန္တလေးစက်မှုဇုန်(၂) မန္တလေးတော်ဝင်စက်မှုလက်မှု ကုမ္ပဏီလီမိတက်၏ သံရည်ကျိုစက် ခုတ်စား ပုံလောင်း ပုံဖိစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့မိုးလေဝသ

(၂၄–၃–၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပမ္မဝတီတံတား(မြင်းကဆိပ်)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပမ္မဝတီတံတား (မြင်းကဆိပ်) ဖွင့်ပွဲအခမ်းအနား ကျင်းပ ပုသိမ်မှ မြောင်းမြသို့ အချိန်တိုအတွင်း သွားလာနိုင်မည် ကျေးရွာပေါင်း ၈၀၀ ကျော်မှ ပြည်သူ ခုနစ်သိန်းကျော်တို့၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ပိုမိုအကျိုးပြုနိုင်မည်

ရန်ကုန် မတ် ၂၃

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး အထူးအဖွဲ့(၅)မှ ပမ္မဝတီမြစ်ကို ဖြတ်ကျော်တည်ဆောက်သည့် ပမ္မဝတီတံတား(မြင်းကဆိပ်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်အမှာစကားပြောကြားပြီး ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✻

(၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို ဆောင်းပါး၊ ကဗျာ အညွှန်း

- *ခေတ်အဆက်ဆက် နိုင်ငံတော်ကို စွန့်လွှတ်စွန့်စားကာကွယ်စောင့်ရှောက်လာခဲ့သော တပ်မတော်သည် ယနေ့ကာလတွင်လည်း နိုင်ငံတော် ကာကွယ်ရေးတာဝန်ကိုသာမက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ထမ်းဆောင်လျက်ရှိသည်။*

  ကြည်ဝင်းညွှန့်၏ **"မျိုးဆက်သစ်တို့၏ သမိုင်းပေးတာဝန်"** ဆောင်းပါး (စာမျက်နှာ–၆)
- ကေတုနီလာ၏ **"မော်ကွန်းသစ္စာ"** ကဗျာ (စာမျက်နှာ–၇)